# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်၊ သောကြာနေ့။ Friday, 21 June 2024 ၁၁၄၉၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေး ကျင်းပမည်**
စာမျက်နှာ » ၃

**မြန်မာ့အာမခံလုပ်ငန်းမှ ကျန်းမာရေးအာမခံ အမျိုးအစား အသစ် (MI's Health Care)အား ရောင်းချပေးလျက်ရှိ**
စာမျက်နှာ » ၅

**ကျန်းမာစေဖို့ လိုက်နာစို့**
ဆောင်းပါး စာမျက်နှာ » ၆

**အမေရိကန်မှ အသက် ၁၀၅ နှစ်အရွယ်ရှိ အမျိုးသမီး စတန်းဖို့ဒ် တက္ကသိုလ်မှ ပညာရေး ဆိုင်ရာ မဟာဘွဲ့ရရှိ**
စာမျက်နှာ » ၁၃


## ပြင်ဦးလွင်မြို့တွင် ရာသီဥတုနှင့်ကိုက်ညီသည့် ပြည်ပမှပန်းမျိုးစေ့များ အများဆုံး စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ



ထပ်တစ်ရာပန်းများ စိုက်ပျိုးထားမှုကိုတွေ့ရစဉ်။

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် ပန်းမျိုးစိတ်နှင့် ပန်းအများဆုံး စိုက်ပျိုးထွက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ဒေသမျိုးရင်းများအပြင် ရာသီဥတုနှင့်ကိုက်ညီသည့် ပြည်ပမှ ပန်းမျိုးစိတ်များကို အများဆုံး စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**တင်ပို့လျက်ရှိ**

ပြင်ဦးလွင်မှ ထွက်ရှိသောပန်းများကို ဘုရားပန်း၊ အခမ်းအနားပွဲများ၊ အလှူပွဲများ၊ မင်္ဂလာအခမ်းအနားများ၊ ပန်းအလှဆင်ခြင်းနှင့် နေ့စဉ်ကဏ္ဍစုံ၌ အသုံးပြုကြလျက်ရှိရာ လိုအပ်သော အသုံးပြုမှုပေါ်မူတည်၍ ပန်းအမျိုးအစားနှင့် ဈေးနှုန်းကွဲပြားပြီး ဒေသမျိုးရင်းထက် နိုင်ငံခြားမျိုးများ အရောင်းအဝယ်ကောင်းလျက်ရှိကာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

## ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်း မရှိစေရေး ထပ်မံအသိပေးကြေညာ

**နေပြည်တော် ဇွန် ၂၀**

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက် မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်၊ သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ( ၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖




ကြေးမုံ

# ငြိမ်းချမ်းရေးကာလ နယုန်လပြည့်မဟာသမယ

ထေရဝါဒဗုဒ္ဓဘာသာ သာသနာဝင်မှတ်တမ်း၌ နယုန်လပြည့်နေ့ကို ငြိမ်းချမ်းရေးကိုအကြောင်းပြုသည့်နေ့ဟုအဆိုရှိခဲ့သည်။ အကြောင်းမှာ နယုန်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်က ငြိမ်းချမ်းရေးကိုရည်ညွှန်းသည့် တရားတော်များ ဟောတော်မူခဲ့သည်။ နယုန်လပြည့်နေ့အနှစ်ချုပ်မှာ မဟာသမယသုတ္တန်ဖြစ်သည်။ နယုန်လပြည့်နေ့တွင် စာတော်ပြန်ပွဲများ ကျင်းပကြသည်။

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကပိလဝတ်ပြည်မှ လယ်သမားများနှင့် ကောလိယပြည်မှ လယ်သမားများသည် ရောဟိဏီမြစ်ရေကို ခွဲဝေသုံးစွဲရာ၌ အဝေမတည့်ဖြစ်ကာ ပဋိပက္ခအသွင်ဖြစ်လာခဲ့သည်။ မိုးလေဝသမှန်၍ မြစ်ရေလုံလုံလောက်လောက်ရနေစဉ်က ရေအတွက် ပြဿနာမဖြစ်ခဲ့သော်လည်း အပူရှိန်ပြင်းသည့် ကဆုန်၊ နယုန်လ၌ မိုးခေါင်ရေရှားပြီး မြစ်ရေနည်းလာသောအခါ ရေအတွက် အဝေမတည့်အခက်ကြုံခဲ့သည်။ နှစ်ပြည်ထောင်သားတို့က မြစ်ရေကို သူတို့ပိုင်သည်၊ ငါဆိုင်သည်ဟု အပေးအယူမတည့်ဖြစ်ကြသောအခါ နှစ်ပြည်ထောင်အရေးအထိ ဖြစ်လာခဲ့သည်။

နှစ်ပြည်ထောင်မင်းတို့သည် ရောဟိဏီမြစ်ရေလုပွဲဆင်နွှဲရန် စစ်အင်္ဂါလေးပါး အပြည့်အစုံဖြင့် ကမ်းတစ်ဖက်တစ်ချက်တွင် စစ်ပြင်သည်အထိဖြစ်လာခဲ့သည်။ နှစ်ပြည်ထောင်သည် ဆွေမျိုးရင်းချာများဖြစ်သည်။ သွေးသားအရင်းအချင်းချင်း ရေအတွက် သွေးမြေကျမည့်အရေး ကြုံနေစဉ်တွင် မြတ်စွာဘုရားရှင်သည် နှစ်ဖက်စစ်မက်ငြိမ်းအေးသွားစေရန် မြစ်ကောင်းကင်ယံသို့ ကြွတော်မူသည်။ နှစ်ပြည်ထောင်သားတို့က မြတ်စွာဘုရားရှင်အား ဦးချကန်တော့ပြီးသောအခါ ရေအတွက်နှင့် အဖိုးတန်သည့် သာကီဝင်တို့ သွေးမြေမကျသင့်၊ စစ်ပွဲတို့မည်သည် ရှုံးသူ၊ နိုင်သူ အစဉ်ရန်ငြိုးဖွဲ့၍ အဆုံးမသတ်သဖြင့် အနိုင်မရှိ၊ အရှုံးသာဖြစ်သည်ဟု ဆုံးမတော်မူသည်။


နှစ်ဖက်ဆွေမျိုးများ နှလုံးသွင်းဆင်ခြင်နိုင်ရန် မြတ်စွာဘုရားရှင်က တရားဆက်လက်ဟောကြားရာတွင် တစ်ပြည်နှင့်တစ်ပြည် အပြစ်မရှာဘဲ ငြိမ်းချမ်းစွာနေထိုင်ဆက်ဆံမှ အကျိုးဖြစ်ထွန်းမည်ကို ဝက်ဝံနှင့်ကြို့ပင်စောင့်နတ်တို့ ရန်ငြိုးဖွဲ့မှား၍ ဝက်ဝံလည်းသေ၊ ရုက္ခစိုးနတ် ကြို့ပင်လည်း ပျက်စီးသည့်ဇာတ်တော်။ မြေပြို နေသည်ဆိုသည့် ယုန်တစ်ကောင်၏ စကားတစ်ခွန်းကို မစူးစမ်းမဆင်ခြင်ဘဲ ပြေးကြ၊ ပုန်းကြရင်း ဆင်းရဲဒုက္ခရောက်ကြသော တိရစ္ဆာန်များအကြောင်း။ တစ်ဖက်နှင့်တစ်ဖက် အင်အားသုံးအနိုင်မယူသင့်၊ အင်အားအလွန်ကြီးသော ဆင်ရိုင်းကြီးကိုပင် သေးငယ်သည့် နှံစုတ်ငှက်က အနိုင်ရသည့် ဇာတ်တော်တို့ကို ဟောတော်မူသည်။

မြတ်စွာဘုရားရှင်သည် သာကီဝင်မျိုးနွယ်အချင်းချင်း စစ်မက်မဖြစ်ပွားသော်လည်း အပြန်အလှန်အချင်းများပြီး စိတ်ဝမ်းကွဲပြားနေလျှင် ငြိမ်းချမ်းရေးအရသာကို ခံစားရမည်မဟုတ်ကြောင်း သမ္မောဒမာနဇာတ်တော်။ အသိဉာဏ်ရှိသော လူသားများမဆိုလင့်၊ သက်မဲ့သစ်ပင်တို့သည်လည်း တစုတဝေးတည်း စုစုစည်းစည်း ပေါက်ရောက်နေမှသာ လေဒဏ်၊ မိုးဒဏ်ကင်းဝေးကြောင်း ဆင်ခြင်သိနိုင်စေရန် ရုက္ခဓမ္မဇာတ်တော်။ သာကီဝင်မင်းသားများအားလုံး မိမိကိုယ်မိမိ ဆုံးမနေထိုင်တတ်ရန် အတ္တဒဏ္ဍသုတ်တို့ကို ဟောကြားတော်မူသည်။ မြတ်စွာဘုရားရှင်၏ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတရားကို နာယူပြီးသောအခါတွင် ဆွေတော်မျိုးတော်အပေါင်းတို့သည် ဒေါသများကင်းစင် အမြင်မှန်ရကာ နှစ်ဖက်ငြိမ်းချမ်းရေးယူကြသည်။

ထို့နောက် နှစ်ပြည်ထောင်မင်းသားတို့သည် ရဟန်းပြုတရားအားထုတ်ကြရာ ရဟန္တာငါးရာဖြစ်လာကြပြီး နယုန်လပြည့်နေ့ ညနေဆည်းဆာအချိန်တွင် မဟာဝုန်တောရှိ မြတ်စွာဘုရားရှင်ထံတွင် ရရှိသောတရားထူးကို မေးလျှောက်ရန် စုဝေးကြသောအခါတွင် ကြည်ညိုပူဇော်လိုသော စကြဝဠာတိုက်အပေါင်းမှ နတ်၊ ဗြဟ္မာ၊ အသူရာ၊ ဂဠုန်၊ နဂါးတို့ ရောက်ရှိလာကြသည်။ မြတ်စွာဘုရားရှင်က ရောက်ရှိလာသော နတ်အပေါင်းတို့ကို အသိအမှတ်ပြုသောအားဖြင့် အမည်နာမထုတ်ဖော်၍ နှုတ်ခွန်းဆက်စကားမိန့်ကြားသည်။ မြတ်စွာဘုရားရှင်၏ အဆိုပါနှုတ်ခွန်းဆက်စကားကို "မဟာသမယသုတ်"ဟု ခေါ်ဆိုသည်။

မဟာသမယသုတ်နှင့်တကွ သတ္တဝါတို့၏ စရိုက်ကိုလိုက်၍ ရာဂစရိုက်ရှိသူအတွက်၊ ဒေါသစရိုက်ရှိသူအတွက်၊ မောဟစရိုက်ရှိသူအတွက်၊ ဝိတက်စရိုက်ရှိသူအတွက်၊ သဒ္ဓါစရိုက်ရှိသူအတွက်၊ ပညာစရိုက်ရှိသူအတွက် သင့်လျော်ရာ တရားတော်တို့ကိုဟောတော်မူသည်။ တရားနာယူကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် ဉာဏ်အားလျော်စွာ ကိလေသာဖယ်ခွာ၍ တစ်ဘဝငြိမ်းချမ်းရေးမှတစ်ဆင့်တက်ကာ ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မဂ်ဖိုအသီးသီးရကြလေသည်။ အနှစ်ချုပ်မှာ ဤနယုန်လ၊ နယုန်လပြည့်နေ့သည် သတ္တဝါအပေါင်းတို့အား ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးသောအခါသမယဖြစ်သည်။

သို့ဖြစ်ရာ နယုန်လပြည့်နေ့ သို့မဟုတ် မဟာသမယအခါတော်နေ့ သို့မဟုတ် ငြိမ်းချမ်းရေးနေ့သည် ထေရဝါဒဗုဒ္ဓဘာသာ မြန်မာပြည်အတွက်သာမက တစ်ကမ္ဘာလုံးတွင်ရှိသည့် စရိုက်အမျိုးမျိုးရှိကြသော ပြည်သူ ပြည်သားအပေါင်းတို့ ထာဝရငြိမ်းချမ်းသာယာပြီး အတူယှဉ်တွဲနေထိုင်နည်းကို ဗုဒ္ဓမြတ်စွာဘုရားရှင်က ညွှန်ပြပေးတော်မူသော နေ့ထူးနေ့မြတ်နေ့တစ်နေ့အဖြစ် အသိအမှတ်ပြုကြရမည်ဖြစ်ပါကြောင်း။ ။




## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **လူမှုစီးပွားမြင့်တင်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၇ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၅၀ စုစုပေါင်း ၆၇ ပါတီ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံနိုးဆော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံနိုးဆော်ခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်း ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၃ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၂၈-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၅-၂-၂၀၂၄ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၂၈-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဆောင်ရွက်ကြရန် ထပ်မံနိုးဆော်လိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၁,၆၃၆ | ၁၄,၇၂၇,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁,၆၃၁ | ၅,၃၀၀,၇၅၀ |
| MCB | ၈,၃၀၀ | ၈,၄၀၀ | ၄၂ | ၃၄၈,၇၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၈၄၅ | ၁,၄၄၅,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁ | ၂,၈၅၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၇၃၇ | ၁,၄၅၉,၁၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၅၆ | ၁,၂၅၄,၄၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၃၈၇ | ၁,၃၁၄,၄၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**


ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇွန် ၂၀**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေးကို ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက် ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်၊ ၂ ရက်၊ ၃ ရက်၊ ၄ ရက် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့)တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်၊ ဝါဆိုလဆန်း ၁ ရက်၊ ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်၊ ၆ ရက် (သောကြာ၊ စနေနေ့)တို့တွင် သတ္တရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက် (တနင်္ဂနွေနေ့) အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် **“1111”** အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် **“အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP)”** ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ **PFP** အစီအစဉ်သည် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် **Short Code** နံပါတ် **“1111”**မှတစ်ဆင့် **SMS** ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် **SMS** များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသောအချက်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အထွေထွေဆွေးနွေးချက်များကို ဆက်လက်ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများအား အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြသည်။ ယင်းနောက် ၂ ရက်တာ ဆွေးနွေးပွဲတွင် နှစ်ဖက်ဆွေးနွေးချက်များအရ ရရှိလာသည့် သဘောထားများကို သဘောထား စုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

○ ပြင်ဦးလွင်မြို့မှ


တနင်္သာရီတိုင်း ဒေသကြီးသို့ အများဆုံး တင်ပို့လျက်ရှိသည်။ ပြင်ဦးလွင်မြို့ရှိ စိုက်ပျိုးရေးခြံများနှင့် ပန်းဥယျာဉ်များက ဂျပန်၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ ပန်းမျိုးစေ့နှင့် ပျိုးပင်များကို မှာယူစိုက်ပျိုးလေ့ရှိပြီး မျိုးစေ့ ၁၀၀ ရာခိုင်နှုန်းတွင် ၈၀ ရာခိုင်နှုန်း ရှင်သန်ပေါက်ရောက်လေ့ရှိသည်။ ပျိုးပင်များစိုက်ပျိုးရာ၌ ထိုနိုင်ငံမှမြေဆီကို သုံးစွဲရလေ့ရှိပြီး နည်းပညာဖြည့်ဆည်းနိုင်ပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်၍ ယခုအခါ ဒေသမြေဆီလွှာနှင့် ကိုက်ညီသည့် ပြည်ပမျိုးစေ့များကို စိုက်ပျိုးအသုံးပြုကြလျက်ရှိသည်။

### နည်းပညာနဲ့ပံ့ပိုးမှုလို

“ယခင်က ကျူးလစ်ပန်းဆိုရင် မျိုးစေ့ကို အင်္ဂလန်ကမှာယူပြီးစိုက်ကြတယ်။ အခု တရုတ်နိုင်ငံကမှာယူပြီး စိုက်တာများတယ်။ ပြင်ဦးလွင်မှာစိုက်ပျိုးကြတဲ့ ပန်းမျိုးစိတ်အများစုဟာ ဂျပန်၊ ထိုင်းနဲ့ တရုတ်နိုင်ငံကမှာယူပြီး စိုက်ကြတာများပါတယ်။ ဒေသမျိုးရင်းတွေနဲ့ ပြည်ပမျိုးကိုပွားပြီး ပန်းမျိုးစိတ်အသစ်တွေထုတ်ယူဖို့ ဒေသမျိုးရင်းတွေကို အဆင့်မြှင့်တင်မယ်ဆိုရင် အဓိကနည်းပညာနဲ့ပံ့ပိုးမှု လိုမှာပါ။ တစ်နိုင်ငံလုံးကို ပြင်ဦးလွင်က ပန်းမျိုးစုံ ဖြန့်ဖြူးနေတာဖြစ်တဲ့အတွက် ပန်းမြို့တော်ရဲ့ရုက္ခဗေဒစနစ်ဖွံ့ဖြိုးကြွယ်ဝဖို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် တရုတ်နိုင်ငံလို ပြည်ပကို ပန်းမျိုးစုံတင်ပို့မှုကနေ နိုင်ငံခြားဝင်ငွေ ရရှိလာမှာပါ။ ပန်းမျိုးစုံစိုက်ပျိုးတဲ့မြို့အဖြစ် ကမ္ဘာကလည်း ပိုသိလာစေမှာပါ။ ပြင်ဦးလွင်မှာ နွေ၊ မိုး၊ ဆောင်း ရာသီမပြတ် ပန်းစိုက်ပျိုးထွက်ရှိတဲ့အတွက် နိုင်ငံအတွက်၊ မြို့ပြအတွက်လည်း ဂုဏ်ယူရပါတယ်”ဟု ပြင်ဦးလွင်မြို့ ဒီဇင်ဘာပန်းဥယျာဉ်မှ စိုက်ပျိုးရေးတာဝန်ခံ ဒေါ်ရွှေရီထွန်းက ပြောသည်။

တရုတ်နိုင်ငံတွင် ပန်းရောင်းဝယ်ရေးစင်တာကို ဖွင့်လှစ်ထားရှိပြီး ပန်းများ အရည်အသွေးတိုးတက်ရေး၊ ပန်းမျိုးစိတ်သစ်များ သုတေသနပြုလုပ်ခြင်းနှင့် ပန်းမျိုးစိတ်များ တိုးမြှင့်ရေး၊ ပန်းဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှုများ ပံ့ပိုးပေးရေး၊ နည်းပညာထောက်ပံ့ရေး၊ ငွေကြေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့ကို ထောက်ပံ့ကူညီလျက်ရှိကာ ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံးနှင့် အာရှတွင် အကြီးဆုံးပန်းကုန်သွယ်ရေးစင်တာ တစ်ခုဖြစ်လာ၍ နေ့စဉ်နိုင်ငံပေါင်း ၄၀ ကျော်သို့ ပန်းများတင်ပို့ရောင်းချလျက်ရှိရာ ပန်းမျိုးစုံလင်စွာစိုက်ပျိုးထွက်ရှိရာ ပြင်ဦးလွင်မြို့မှလည်း အာဆီယံနိုင်ငံများသို့ ပန်းနှင့်သစ်ခွမျိုးစိတ်သစ်များ တင်ပို့နိုင်သော အခွင့်အလမ်းကောင်းများစွာ ပွင့်လန်းလျက်ရှိသည်။

ပန်းမြို့တော်ဖြစ်သော ပြင်ဦးလွင်မြို့တွင် မိုးရာသီ၌ ထပ်တစ်ရာ၊ ချစ်တီး၊ မော်လမြိုင်၊ ပင်စိမ်း (နီ/ပြာ)၊ ဒေလီယာ၊ ကြက်မောက်၊ ကီမိုနိုကြက်မောက်၊ မညိုးလုံး၊ ဒေါင်ဖန်ဝါ၊ တောင်ကြီးဒေစီ၊ ဒန်း၊ နေကြာ၊ ပင့်ကူ၊ ဘောလုံးပန်း၊ ကျောက်ချဉ်၊ ကညွတ်၊ တေးသီငှက်၊ Rudbeckia ၊ Torenia စသည့်ပန်းများကို



ချစ်တီးပန်းစိုက်ပျိုးထားမှုကို တွေ့ရစဉ်။

အများဆုံးစိုက်ပျိုးကြပြီး ဆောင်းရာသီ၌ ဆောင်းနှင်းဖြူ၊ ဆောင်းနှင်းဝါ၊ ငွေနှင်းမှုန်၊ သရက်ထည်၊ ဆောင်တော်ကူး၊ ဇော်မွှား၊ ပင်စိမ်း (နီ/ပြာ)၊ ဒေလီယာ၊ ချစ်တီး၊ ကြက်မောက်၊ ဒဏ္ဍာရီ၊ ရွှေတစ်ဆုပ်၊ ခြောက်လပန်း၊ ကျားပါးစပ်၊ နန်းထိုက်သူ၊ Platyoodon ၊ Torenia ၊ Rudbeckia တို့ကို စိုက်ပျိုးကာ နွေရာသီ၌ ပန်းခြောက်၊ ထပ်တစ်ရာ၊ ဒေလီယာ၊ နန်းထိုက်သူ၊ ရွှေတစ်ဆုပ်(လိမ္မော်/ဝါ)၊ ပုစွန်ထုပ်၊ ချစ်တီး၊ ကျားပါးစပ်၊ နှဲ၊ ဇော်မွှား၊ Aster၊ Verbana၊ Vinca၊ Torenia၊ Stock၊ Pentas၊ Lobelia၊ Osteospermun၊ Viola၊ Cuphea၊ Digitalis၊ Pansy၊ Gozania၊ Geranium၊ Gerbera နှင့် Gypsophila စသည့် ပန်းမျိုးစိတ်တို့ကို ရာသီမပြတ် စိုက်ပျိုးထုတ်လုပ် ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – MSYT**

# အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၀**

သက်ဆိုင်ရာအစိုးရဌာန အစိုးရအဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း (ပထမထပ်) သင်တန်းခန်းမ (MOLA Lecture Hall) ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းသည် ၂၉-၄-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဖွင့်လှစ်ပေးခဲ့သည့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် ပထမဦးဆုံး သင်တန်းဖြစ်ပါကြောင်း။

ယခင်က အလယ်အလတ်အဆင့်နိုင်ငံ့ဝန်ထမ်းများအတွက် သင်တန်းကို ဥပဒေရေးဆွဲခြင်း၊ စီးပွားရေးစာချုပ်စာတမ်းများစိစစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံဥပဒေများ လက်တွေ့အသုံးချမှု၊ တရားမဆိုင်ရာကိစ္စများ၊ အထွေထွေဥပဒေအကြံပေးရေးဆိုင်ရာကိစ္စများကို ဘာသာရပ်တစ်ခုချင်းစီအလိုက် သင်တန်းပို့ချပေးနေရာမှ ယခုအခါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိအဆင့် သင်တန်းသား ၆၀ ကို ဘာသာရပ်များအားလုံး စုပေါင်းပြီး သင်တန်းတစ်ချိန်လျှင် မိနစ် ၅၀၊ သင်ကြားချိန် ၆၉ ချိန်၊ ၂၄ ရက် သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယခု သင်တန်းမှ ဥပဒေအသိပညာများစွာရရှိပြီး အကျိုးရှိမည်ဖြစ်ပါကြောင်း။

ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့်(Providing Legal Service For Justice) တရားမျှတမှုအတွက် ဥပဒေဝန်ဆောင်မှုဆိုသည့် မဟာဗျူဟာဖြင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေဝန်ဆောင်မှုဆိုသည်မှာ သက်ဆိုင်ရာဌာနမှ ရေးဆွဲပေးပို့လာသည့် ဥပဒေမူကြမ်းများကို စိစစ်ခြင်း၊ နိုင်ငံတစ်ဝန်းရှိ ပြစ်မှု၊ တရားမမှုများကို အစိုးရကိုယ်စား လိုက်ပါဆောင်ရွက်ပေးခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်း၊ ဥပဒေအသိပညာ ပြန့်ပွားရေးဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းဆရာများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် သင်တန်းကျောင်း ရှိ e-library ၌ သင်တန်းသားများက အသုံးပြုဆောင်ရွက်နေသည်ကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က လှည့်လည်ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးမြင့်စိုး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာရှိ တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများ ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာ၌ ဖွင့်လှစ်ခဲ့သော တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း တက်ရောက်အောင်မြင်ပြီးသူများ၏ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် သင်တန်းအောင်မြင်ပြီးသူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ တန်ဖိုးမြင့်ထုတ်ကုန်များ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသနှင့်ကိုက်ညီသော သင်တန်းများကိုလည်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသူများ၏ တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

လက်ပံပျားကျေးရွာမှ သင်တန်းဆင်းများစုပေါင်း၍ ပြည့်ဖြိုးလေး၊ နယူးပါဝါ၊ မြAကရီ၊ ကောင်းသန့်အမှတ်တံဆိပ်တို့ဖြင့် စာလေးခွေ၊ ကောက်ညှင်းပဲပုပ်ကြော်၊ မြေပဲဂျုံးဖြူကြော်၊ မြေပဲဆားလှော်၊ အာလူးကြော်တို့ကို ထုတ်လုပ်ရောင်းချလျက်ရှိရာ ထုပ်ပိုးမှုနည်းစနစ် ကောင်းမွန်ရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် ကျောက်အိုးကျေးရွာသို့ သွားရောက်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းသို့ ဆက်သွယ်နိုင်သော ကျေးရွာအဝင်လမ်း အရှည် တစ်မိုင် ကျောက်ချောခင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျောက်အိုးကျေးရွာအနေဖြင့် စက်မှုကုန်ကြမ်းသီးနှံဝါနှင့် ဆီထွက်သီးနှံနှမ်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အထွက်နှုန်းတိုးရေးနှင့် အဆင့်မီဝါများရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲပြုလုပ်

**သထုံ ဇွန် ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ယမန်နေ့နံနက်ပိုင်းက သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ပရိုကိုးအခြေခံပညာ မူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေး ဟောပြောခြင်း၊ နံရံကပ်စာစောင် ပြသခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။



နယ်လှည့် စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ပရိုကိုးအခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသူ ကျောင်းသားများအားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ သဘာဝဘေးလျှော့ချရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်းဖွင့်ပွဲပြုလုပ်

**ပေါင် ဇွန် ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သဘာဝဘေး လျှော့ချရေး စေတနာ့ဝန်ထမ်း လူငယ် (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှူခန်းမ၌ ပြုလုပ်ခဲ့သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးဝေဝင်းကဘေးအန္တရာယ်ဖြစ်ပွားလာပါက သင်တန်းတွင် ပို့ချမည့် သင်ခန်းစာအတိုင်း လက်တွေ့ လုပ်ဆောင်ပေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းကို သင်တန်းဆရာ လေးဦးက သင်တန်းသား ၃၀ ကို သုံးရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့မှ အထင်ကရနေရာများတွင် ဆက်လက်ကြည့်ရှုလေ့လာခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဇွန် ၂၀**

(၅)ကြိမ်မြောက် လန်ချန်း–မဲခေါင် ရုပ်သံသီတင်းပတ် (5th Lancang–Mekong Audiovisual Week) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် လန်ချန်း– မဲခေါင် အဖွဲ့ဝင်နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဇွန် ၁၉ ရက်တွင် ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့မှ အထင်ကရနေရာများတွင် ဆက်လက်၍ ကြည့်ရှုလေ့လာခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဦးစွာ လေ့လာရေးအဖွဲ့သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ယူနန်ပြည်နယ် ယွိရှီမြို့ရှိ မန်ကျည်းပင် ပြတိုက်သို့ရောက်ရှိကြပြီး ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် အရည်၊ အခဲ၊ သံဘူး၊ အိတ် စသည့် ခေတ်မီထုပ်ပိုးမှုပုံစံ ခုနစ်မျိုးဖြင့် စားသောက်ကုန်အမျိုးအစား ၁၀၀ ကျော် ထုတ်လုပ်ဖြန့်ချိရောင်းချနေမှုလုပ်ငန်းစဉ်တို့ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြတိုက်ကို Yunnan Maoduoli Food Group Co., Ltd က ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါဝန်ထမ်း ၄၀၀ ကျော်ဖြင့် လုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီသည် ယူနန်ပြည်နယ်ရှိ သဘာဝစားသောက်ကုန်လုပ်ငန်းများ၏ ထိပ်တန်း ၂၀ စာရင်းတွင် သုံးနှစ်ဆက်တိုက် ဝင်ရောက်ခဲ့ပြီး အသိအမှတ်ပြုလက်ခံမှု ရရှိထားကြောင်း သိရသည်။

ဆက်လက်၍ ယူနန် ကုန်းယွင်ရှန်း လက်ဖက်ခြောက်လုပ်ငန်း(Yunnan Gongrunxiang Tea Industry Company) သို့ သွားရောက်ကြပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါလုပ်ငန်းကို ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ဖက်ပင်စိုက်ပျိုးရေးစီမံခန့်ခွဲခြင်း၊ သိပ္ပံနည်းကျတီထွင်ဆန်းသစ်ခြင်း၊ ကုန်အမှတ်တံဆိပ်လုပ်ဆောင်ခြင်း၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုနှင့် ရောင်းချမှုများဖြင့် ပေါင်းစည်းခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် အမျိုးသားနည်းပညာအဆင့်မြင့်လုပ်ငန်းအဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် တီထွင်ဆန်းသစ်မှုနှင့် သုတေသနဆုအဖြစ်လည်းကောင်း ရရှိခဲ့ကာ လက်ဖက်ခြောက်လုပ်ငန်းတွင် ရှေ့ဆောင်အဖြစ် ထွက်ပေါ်ရပ်တည်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဟုန်တခရိုင်ရှိ ရိုးရာမပျက် ထိန်းသိမ်းထားသည့် တရင်လူနေရပ်ကွက်သို့ သွားရောက်ပြီး လှည့်လည်ကြည့်ရှုလေ့လာကြသည်။



အဆိုပါနေရာသည် ဧရိယာ ၂၆ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး အိမ်ခြေစုစုပေါင်း ၅၇၄၂ လုံးတို့ ပါဝင်ကာ "ပျော်ရွှင်ဖွယ် ကျေးလက်အသိုက်အဝန်း အမျိုးသားပြယုဂ်"ဆု၊ လှပအေးဆေးသော ကျေးလက်ခရီးသွားလုပ်ငန်း၏ အဓိကကျေးရွာဆုများ ရရှိထားကာ ချီးကျူးဂုဏ်ပြုမှု/အသိအမှတ်ပြုမှုများ ရရှိထားကြောင်း သိရသည်။

ထို့နောက် Yuxi Walvax Biological Technology Co.,Ltd သို့ ဆက်လက်သွားရောက်ကြပြီး ကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ကြည့်ရှုလေ့လာကြရာ ယူနန် Walvax ဇီဝနည်းပညာကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခုအဖြစ် ၂၀၀၅ ခုနှစ်တွင် ယွိရှီ Walvax ဇီဝနည်းပညာကုမ္ပဏီကို တည်ထောင်ခဲ့ပြီး ဥရောပစံနှုန်းများနှင့်အညီ တရုတ်နိုင်ငံတွင် အဆင့်အမြင့်ဆုံး ဇီဝနည်းပညာကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်နေကြောင်း၊ နှစ်စဉ်ကာကွယ်ဆေးဒါဇင်ပေါင်း ၃၉၀၀၀ ထုတ်လုပ်နိုင်မှုဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့အခြေစိုက် Yunnan M Time Culture and Communication Co.,Ltd မှ တာဝန်ရှိသူများနှင့် လက်ခံတွေ့ဆုံ၍ M Time Myanmar Micro Video Production and Release Center နှင့် MRTV တို့ ပူးပေါင်းပြီး Online Media ဖြင့် အပြန်အလှန် ပူးပေါင်းထုတ်လွှင့်ရေးနှင့် ပူးတွဲရိုက်ကူးထုတ်လုပ်ရေးဆိုင်ရာများ ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ တရုတ်သံရုံးမှသံမှူးကြီး Dr. Zheng Zhihong နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသော ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**

---

❖ **ရှေ့ဖုံးမှ**

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်း မပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရရှိဘဲ ရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန်ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက်မရရှိသေးသော ကုန်ပစ္စည်းများကို ကြိုတင်တင်သွင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် လိုအပ်သော အရေးကြီးကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံများတွင် ထည့်သွင်းခွင့်ပြုထားပြီး ဖြစ်သည်။

သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထား လိုက်နာစေရန်ရည်ရွယ်၍ သွင်းကုန်လိုင်စင် /ပါမစ် ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့် လေဆိပ်များသို့ တင်သွင်းရောက်ရှိမှုမရှိစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက ထပ်မံနှိုးဆော်အသိပေးကြေညာထားသည်။

**သတင်းစဉ်**

---

## မြန်မာ့အာမခံလုပ်ငန်းမှ ကျန်းမာရေးအာမခံအမျိုးအစားအသစ် (MI's Health Care ) အား ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဇွန် ၂၀**

မြန်မာ့အာမခံ လုပ်ငန်းအနေဖြင့် မမျှော်လင့်သော ဖြစ်ရပ်များကြောင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသည့် ပြည်သူများ ဆေးရုံဆေးခန်း တက်ရောက်ကုသမှု ခံယူသည့်အခါ မြင့်မားသော ကုန်ကျစရိတ်များအတွက် သောကငြိမ်းအေးစေရန် ရည်ရွယ်၍ ကျန်းမာရေးအာမခံအမျိုးအစား အသစ် (MI's Health Care ) အား မေ ၃၁ ရက်မှစတင်၍ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

Bronze Plan၊ Silver Plan၊ Gold Plan နှင့် Platinum Plan ဟူ၍ အာမခံထားသူများ နှစ်သက်သလို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ ဝယ်ယူသည့် Plan အလိုက် သတ်မှတ်ထားသည့် ပမာဏအထိ ဆေးဝါးကုသစရိတ် ရရှိမည်ဖြစ်ပြီး ရောဂါကုသခြင်းအပြင် မတော်တဆထိခိုက်မှုအတွက်လည်း အကာအကွယ် ရရှိမည်ဖြစ်သည်။ ဝယ်ယူထားသော Plan ပေါ်မူတည်၍ အကျိုးခံစားခွင့်များလည်း ကွာခြားနိုင်သည်။

အာမခံအမျိုးအစားအနေဖြင့် တစ်ဦးချင်းထားရှိရမည်ဖြစ်ပြီး အာမခံသက်တမ်း တစ်နှစ်အတွက် ကျသင့်ပရီမီယံအား တစ်ကြိမ်တည်း ပေးသွင်းရမည်ဖြစ်သည်။ အာမခံထားရှိနိုင်သည့်အသက်မှာ မွေးကင်းစမှ ၆၅ နှစ်အထိ ထားရှိနိုင်ပြီး အသက် ၆၅ နှစ်အထက်ဝယ်ယူလိုပါက ရှေ့နှစ်တွင် တစ်ဆက်တည်းအာမခံ ငါးနှစ်ထားရှိရန် လိုအပ်ပြီး အသက် ၇၅ နှစ် အထိ သက်တမ်းဆက်ထားရှိခွင့် ရရှိမည်ဖြစ်သည်။

သာမန်ရောဂါများအတွက် ဆေးဝါးကုသစရိတ်ကုန်ကျငွေ အပြည့်အဝ အကာအကွယ်ရရှိမည့်အပြင် ပြင်းထန်ရောဂါ ၁၀ မျိုးအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု အကာအကွယ်ရရှိနိုင်မည် ဖြစ်သည်။ မတော်တဆမှုကြောင့် သေဆုံးပါက သတ်မှတ်ထားသည့် အကျိုးခံစားခွင့် ရရှိမည့်အပြင် မတော်တဆမှုကြောင့် ဒဏ်ရာရရှိခဲ့ပါကလည်း ဆေးကုသစရိတ်အပြင် သတ်မှတ်ထားသော ဒဏ်ရာအပေါ်မူတည်၍ဝယ်ယူသည့် Plan အမျိုးအစားအလိုက် သတ်မှတ်ငွေပမာဏကို ထပ်မံခံစားခွင့်ရရှိမည်ဖြစ်သည်။

အာမခံထားသူသည်အာမခံသက်တမ်း ပထမနှစ်တွင် လျော်ကြေးတောင်းဆိုခြင်း မရှိပါက ပရီမီယံပေါ်မှ ငါးရာခိုင်နှုန်းကို နောင်နှစ် သက်တမ်းဆက်ရာတွင် ကျန်းမာရေး အာမခံဆုကြေးအဖြစ် ခံစားရရှိမည်ဖြစ်သည်။ အကျိုးခံစားခွင့်တောင်းခံရာတွင် အာမခံထားသူသည် နည်းလမ်းနှစ်မျိုးဖြင့် လျော်ကြေးတောင်းခံနိုင်သည်။ အာမခံထားသူအနေဖြင့် Ulink Assist Company ဖြင့် ချိတ်ဆက်ထားသော ပြည်တွင်းပြည်ပဆေးရုံများ၌ အကျိုးခံစားခွင့်ဇယားတွင် ဖော်ပြထားသည့် ခံစားခွင့်များအတိုင်း Cashless စနစ်ဖြင့် တက်ရောက်ကုသနိုင်ခြင်းနှင့် အာမခံထားသူမှ ကိုယ်တိုင်စိုက်ထုတ်၍ ကုသမှုခံရပြီး စိုက်ထုတ်ကုန်ကျငွေအား အကျိုးခံစားခွင့်ဇယားတွင် ဖော်ပြထားသည့် ခံစားခွင့်များအတိုင်း ပြန်လည်တောင်းခံနိုင်ခြင်းတို့ဖြစ်သည်။ မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်နေသည့် (MI's Health Care ) အမျိုးအစားသည် အာမခံဝယ်ယူသူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ငွေကြေးစိုက်ထုတ်ကုန်ကျမှု ကင်းဝေးစေမည့် အာမခံအမျိုးအစားသစ်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ကျန်းမာစေဖို့ လိုက်နာစို့

ဒေါက်တာဇေယျာဝင်း

"အာရောဂျံ၊ ပရမံ၊ လာဘံ" ဆိုတဲ့အတိုင်း ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဖြစ်ပါတယ်။ ကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်ခြင်းဟာ ဘဝမှာ အလွန်ကြီးမားတဲ့ အောင်မြင်မှုတစ်ခုပါပဲ။ ကျန်းမာခြင်းရဲ့တန်ဖိုးကို မကျန်းမာတဲ့အခါမှာ အသေအချာ သိမြင်ရမှာပါ။ မကျန်းမာခြင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဟာ မိမိကိုယ်တိုင်သာမက မိမိရဲ့မိသားစု၊ မိမိပတ်ဝန်းကျင်နဲ့ မိမိနိုင်ငံအတွက်ပါ သက်ရောက်မှုတွေရှိစေနိုင်မှာ ဖြစ်ပါတယ်။

### ဘာကြောင့် အလေးထားသင့်သလဲ

မိသားစုတစ်ခုမှာ သက်လတ်ပိုင်းအရွယ် မိသားစုဝင်တစ်ဦး အသက်ဆုံးရှုံးရခြင်းဟာ အဆိုပါ အိမ်ထောင်စုဝင်တွေအတွက် ကြီးစွာသော ပျက်စီးဆုံးရှုံးရမှုကို ဖြစ်စေပါတယ်။ ဘာလို့လဲဆိုတော့ သက်လတ်ပိုင်းအရွယ်ဆိုတာ အိမ်ထောင်စုတစ်ခုမှာ အဓိကဝင်ငွေရှာပေးသူတွေ၊ စောင့်ရှောက်နေကြသူတွေ ဖြစ်လို့ပါပဲ။ အရွယ်မတိုင်ခင် သေဆုံးခြင်းတွေကြောင့် မိသားစုဝင်ငွေ လျော့စေခြင်း၊ စိတ်ထိခိုက်ကြေကွဲရခြင်း၊ ပညာရေးတစ်ပိုင်းတစ်စ ဖြစ်စေခြင်း စတဲ့ဆိုးကျိုးတွေကို ကျန်ရှိတဲ့ မိသားစုတွေ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ထို့နည်းတူပဲ နိုင်ငံတွေအနေနဲ့လည်း ကျန်းမာတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးရခြင်းနဲ့အတူ နိုင်ငံရဲ့ဂျီဒီပီ (GDP) အပေါ်မှာလည်း ထိခိုက်မှုဖြစ်စေပါတယ်။ အလယ်အလတ်နဲ့ ဝင်ငွေနိမ့်တိုင်းပြည်တွေမှာ အရွယ်မတိုင်မီ အသက်ဆုံးရှုံးခြင်းတွေဟာ ပိုမိုအဖြစ်များတတ်ပါတယ်။ အဆိုပါ တိုင်းပြည်တွေအတွက် အရွယ်မတိုင်မီဆိုတာကို အသက် ၇၀ မတိုင်မီလို့ သတ်မှတ်လေ့ရှိကြတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခန့်မှန်းချက်အရ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ အရွယ်မတိုင်မီ အသက်ဆုံးရှုံးရခြင်းတွေကြောင့် ဝင်ငွေနိမ့်နဲ့ အလယ်အလတ် တိုင်းပြည်တွေမှာ အမေရိကန်ဒေါ်လာ ခုနစ်ထရီလီယံအထိ ဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းသုံးသပ်ထားတာကို လေ့လာသိရှိရပါတယ်။

သေဆုံးခြင်းဟာ သက်ရှိတိုင်း မလွဲမသွေ ရင်ဆိုင်ရမယ့် ကေန်သဘောတရားတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ယနေ့ခေတ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေက လူ့သက်တမ်းဆန့်နိုင်ဖို့နဲ့ အရွယ်မတိုင်မီ သေဆုံးမှုတွေကို ရှောင်ရှားနိုင်ဖို့အတွက် လက်လှမ်းမီတဲ့ အနေအထားမှာ ရှိနေပါပြီ။ ဆိုလိုတာက လူတစ်ယောက်ဟာ အသက်ရှည်စေဖို့အတွက် နေ့စဉ်ပြုမူဆောင်ရွက်မှုတွေကို ဂရုတစိုက် နေထိုင်မယ်ဆိုရင် အသက်ရှည်ဖို့ လူ့သက်တမ်းကို ဆွဲဆန့်နိုင်ပါတယ်။ ကုလသမဂ္ဂရဲ့ ၂၀၃၀ မျှော်မှန်းချက်ထဲမှာ အရွယ်မတိုင်မီ သေဆုံးရခြင်းတွေ လျှော့ချနိုင်ရန်ဆိုတဲ့အချက်ကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ အဓိကအာရုံစိုက်မှုအဖြစ် သတ်မှတ်ထားပါတယ်။

အရွယ်မတိုင်မီ သေဆုံးရခြင်းတွေမှာ အကြောင်းရင်း အမျိုးမျိုးရှိပါတယ်။ နိုင်ငံတွေအနေနဲ့ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း အရွယ်မတိုင်မီ သေဆုံးရခြင်း အကြောင်းရင်းတွေနဲ့ နီးနွယ်နေတဲ့ အချက်အလက်တွေကို ရှာဖွေသတ်မှတ်နိုင်ဖို့ အရေးကြီးပါတယ်။ အဓိကအားဖြင့် ကျန်းမာရေးစီမံကိန်းတွေ၊ မူဝါဒချမှတ်မှုတွေနဲ့ ဘတ်ဂျက်လျာထားမှုတွေအတွက် အဆိုပါအချက်အလက်တွေ လိုအပ်ပါတယ်။




ထိုသို့ လုပ်ဆောင်ရမယ့် အချက်တွေရှိသလို လူတစ်ဦးချင်းစီတိုင်းကလည်း မိမိတို့ကျန်းမာရေး အခြေအနေတွေ တိုးတက်ကောင်းမွန်ဖို့၊ ပိုမိုကျန်းမာဖို့နဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသောက်နေထိုင်မှုပုံစံတွေ မြှင့်တင်ကြဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားတဲ့ သက်ရှည်ကျန်းမာစေရေးအတွက် ညီညွတ်မျှတတဲ့ နေထိုင်စားသောက်မှုပုံစံအချို့ကို ဝေမျှလိုပါတယ်။

### အာဟာရပြည့်ဝတဲ့ အစားအသောက်များကိုစားပါ

သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ပဲတောင့်ရှည်၊ ပဲစေ့၊ ဂျုံ၊ ဆန် စတဲ့ မိမိစားသောက်မယ့် အစားအစာမှာ အာဟာရဓာတ်အမည်စုံပါဝင်အောင် စားသင့်ပါတယ်။ တစ်ရက်ကို အနည်းဆုံး ၄၀၀ ဂရမ်ခန့် အသီးအနှံတွေ စားသင့်ပါတယ်။ လတ်ဆတ်တဲ့အသီးတွေနဲ့ ဟင်းသီးဟင်းရွက်တွေကို စားမြိန်စာအနေနဲ့လည်း စားနိုင်ပါတယ်။ ဒါ့အပြင် ရာသီအလိုက်ပေါ်တဲ့ အသီးအနှံတွေကိုလည်း အမျိုးစုံအောင် စားသုံးသင့်ပါတယ်။ အဲဒီလို စားသုံးခြင်းဖြင့် အာဟာရချို့တဲ့မှုနဲ့ မကူးစက်နိုင်တဲ့ ရောဂါတွေဖြစ်တဲ့ ဆီးချို၊ သွေးတိုး၊ နှလုံး၊ လေဖြတ်ခြင်းနဲ့ ကင်ဆာရောဂါတွေဖြစ်စေမှုကို လျော့ကျစေနိုင်ပါတယ်။

### ဆားနဲ့သကြား လျှော့စားပါ

မြန်မာလူမျိုးတွေဟာ ဆားသုံးစွဲမှုမှာ ပုံမှန်ထက် ပိုများကြပါတယ်။ ဆားသုံးစွဲမှုများခြင်းဟာ သွေးတိုးရောဂါအပါအဝင် နှလုံးရောဂါနဲ့ လေဖြတ်ရောဂါတွေကို ဖြစ်ပွားနိုင်ခြေ မြင့်စေပါတယ်။ အငန်ဓာတ်များတဲ့ အစားအသောက်တွေ၊ စားမြိန်စာတွေ စားသုံးမှုကိုလည်း လျှော့ချသင့်ပါတယ်။ ထိုနည်းတူ အချိုစားသုံးမှုကိုလည်း သတိပြုကြဖို့ လိုပါတယ်။ အချိုများများစားရင် သွားပိုးစားခြင်း၊ ကိုယ်အလေးချိန် တက်စေခြင်းအပါအဝင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါနဲ့ သွေးကြောဆိုင်ရာ ရောဂါတွေ ဖြစ်စေနိုင်မှု မြင့်တက်လာစေနိုင်ပါတယ်။ သကြားဓာတ်လွန်ကဲတဲ့ အချိုရည်နဲ့ တခြားသရေစာတွေ စားသုံးမှုကိုလည်း လျှော့ချသင့်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူတစ်ဦး နေ့စဉ်စွမ်းအင်လိုအပ်ချက်ရဲ့ ငါးရာခိုင်နှုန်းအောက်သာ သကြားဓာတ်ကိုစားသုံးသင့်ကြောင်းတိုက်တွန်းထားပါတယ်။

### အန္တရာယ်များတဲ့ အဆီဓာတ်သုံးစွဲမှုများကို လျှော့ချပါ

အဆီဓာတ်စားသုံးမှုနဲ့ ပတ်သက်လို့ လူတစ်ဦး နေ့စဉ် စွမ်းအင်လိုအပ်ချက်ရဲ့ ၃၀ ရာခိုင်နှုန်းအောက်သာ အဆီဓာတ်ကို စားသုံးသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တိုက်တွန်းထားပါတယ်။ အဆီဓာတ်မှာလည်း အမျိုးမျိုးရှိပြီး အဓိကအားဖြင့် ပြည့်ဝဆီနဲ့ မပြည့်ဝဆီဆိုပြီး ရှိပါတယ်။ ပြည့်ဝဆီတွေက ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် မကောင်းပါဘူး။ မပြည့်ဝဆီတွေကတော့ ကျန်းမာရေးအတွက် ကောင်းတယ်လို့ မှတ်ယူနိုင်ပါတယ်။

### အရက်အလွန်အကျွံသောက်သုံးမှုကို ရှောင်ကြဉ်ပါ

အရက်သောက်ခြင်းနဲ့ ပတ်သက်လို့ကတော့ မည်မျှသောက်ရင် လုံခြုံစိတ်ချရတယ်ဆိုပြီး သတ်မှတ်ချက်မရှိပါဘူး။ အရက်သောက်ခြင်းကြောင့်ဖြစ်နိုင်တဲ့ကျန်းမာရေးပြဿနာတွေကတော့ စိတ်ကျန်းမာရေးနဲ့ အပြုအမူဆိုင်ရာ အလေ့အထတွေ ပြောင်းလဲနိုင်ခြင်း၊ အရက်စွဲခြင်း အပါအဝင် အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာရောဂါ၊ အခြားသော ကင်ဆာရောဂါများ၊ နှလုံးရောဂါ၊ အရက်မူးခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်းနဲ့ ယာဉ်တိုက်မှုဖြစ်ခြင်းတွေ စတာတွေဖြစ်ပါတယ်။

### ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ

ဆေးလိပ်သောက်ခြင်းဖြင့် အဆုတ်ရောဂါ၊ နှလုံးနဲ့ သွေးကြောဆိုင်ရာရောဂါတွေနှင့် လေဖြတ်ရောဂါတို့ကို ဖြစ်စေနိုင်ပါတယ်။ ဆေးလိပ်သောက်ခြင်းဟာ ဆေးလိပ်သောက်သူကိုသာ ထိခိုက်တာ မဟုတ်ပါဘူး။ သူ့အနားမှာနေတဲ့ ဆေးလိပ်ငွေ့ရှူနေရသူတွေကိုလည်း ထိခိုက်စေပါတယ်။ အကယ်၍ သင်ဟာ ဆေးလိပ်သောက်သုံးနေဆဲ လူတစ်ယောက်ဖြစ်ပါက အခုချက်ချင်းပဲ ဆေးလိပ်ဖြတ်ကြည့်လိုက်ပါ။ သိသာတဲ့ အကျိုးကျေးဇူးတွေ ချက်ချင်းရရှိနိုင်တာ တွေ့ရပါလိမ့်မယ်။

### တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှားနေထိုင်ပါ

ကိုယ်လက်လှုပ်ရှားခြင်းဆိုတာကတော့ စွမ်းအင်သုံးစွဲရန် လိုအပ်တဲ့ကြွက်သားတွေကို အသုံးပြုရတဲ့ မည်သည့်ကိုယ်ခန္ဓာလှုပ်ရှားမှုမျိုးကိုမဆို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ လေ့ကျင့်ခန်းပြုလုပ်ခြင်း အပါအဝင် လေ့ကားအတက်အဆင်း ပြုလုပ်ရခြင်း၊ အလုပ်သွားရခြင်း၊ အိမ်မှုကိစ္စတွေလုပ်ဆောင်ခြင်း စတဲ့ ကိုယ်ခန္ဓာတွေ လှုပ်ရှားနေခြင်းဖြင့် စွမ်းအင်တွေကို သုံးစွဲနေခြင်းဟာ ကျန်းမာရေးအတွက် ကောင်းမွန်စေပါတယ်။ နေ့စဉ် မည်မျှလှုပ်ရှားနေရမယ်ဆိုတာကတော့ သင့်ရဲ့ အသက်အရွယ်အပေါ်မှာ မူတည်ပါတယ်။ အသက် ၁၈-၆၄ နှစ်ကြားရှိသူတွေဟာ တစ်ပတ်ကို မိနစ် ၁၅၀ ခန့် အသင့်အတင့် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု ပြုလုပ်သင့်ပါတယ်။ ကျန်းမာရေးပိုမိုကောင်းချင်သူတွေအနေနဲ့ တစ်ပတ်ကို မိနစ် ၃၀၀ ခန့်အထိ အားရင်အားသလို လေ့ကျင့်ခန်း ပြုလုပ်သင့်ပါတယ်။

### သင့်ရဲ့ သွေးပေါင်ချိန် ပုံမှန်တိုင်းတာပါ

သွေးတိုးရောဂါဟာ အသံတိတ်လူသတ်သမားအုပ်စုထဲမှာ ပါဝင်ပါတယ်။ လူအတော်များများဟာ သွေးတိုးရှိနေမှန်း မိမိကိုယ်မိမိ မသိကြပါဘူး။ သွေးတိုးရှိ/ မရှိဆိုတာက ပုံမှန်တိုင်းတာနေခြင်းဖြင့်သာ သိနိုင်ပါတယ်။ သွေးတိုးရှိမှန်းသိမှသာ ဆောင်ရန်၊ ရှောင်ရန်တွေကို လိုက်နာနိုင်မှာဖြစ်ပါတယ်။ သွေးတိုးကို ဆေးဝါးနဲ့ဖြစ်ဖြစ် လူနေမှုပုံစံနဲ့ဖြစ်ဖြစ် မထိန်းချုပ်ပါက နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါနဲ့ အခြားရောဂါတွေဆီ ဦးတည်သွားနိုင်ပါတယ်။

### ကူးစက်ရောဂါများ မကူးစက်နိုင်ရေးကာကွယ်ပါ

ခုခံအားကျရောဂါ(HIV)၊ တီဘီရောဂါ၊ အသည်းရောင်ဘီရောဂါနဲ့ လိင်မှတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါ အပါအဝင် ကူးစက်တတ်တဲ့ ရောဂါတွေကို မကူးစက်စေရေး ဆောင်ရန်၊ ရှောင်ရန်တွေကို သတိပြုလိုက်နာသင့်ပါတယ်။ လိုအပ်တဲ့ စစ်ဆေးခြင်းတွေ လုပ်ဆောင်သင့်ပါတယ်။ ၎င်းရောဂါတွေဟာ စောစောသိလို့ စောစောကုသမှု ခံယူသင့်တဲ့ရောဂါတွေ ဖြစ်ပါတယ်။ မသိလို့ မကုဘဲနေပါက ဆိုးရွားတဲ့ ကျန်းမာရေးဆိုင်ရာ အကျိုးဆက်တွေရလာနိုင်ပြီး အသက်ဆုံးရှုံးမှုအထိ ဖြစ်စေနိုင်ပါတယ်။ လိင်မှတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါတွေဖြစ်တဲ့ ဆစ်ဖလစ်ရောဂါ၊ ဂနိုရောဂါတွေအပါအဝင် ခုခံအားကျရောဂါတွေ ကူးစက်ခံရမှု မရှိစေရေးအတွက် အကာအကွယ်အသုံးပြုပြီး လိင်ဆက်ဆံခြင်းကို အလေးထားသင့်ပါတယ်။

စာမျက်နှာ ၇ သို့ ◆

> "သေဆုံးခြင်းဟာ သက်ရှိတိုင်း မလွဲမသွေ ရင်ဆိုင်ရမယ့် ကေန်သဘောတရားတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ယနေ့ခေတ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေက လူ့သက်တမ်းဆန့်နိုင်ဖို့နဲ့ အရွယ်မတိုင်မီ သေဆုံးမှုတွေကို ရှောင်ရှားနိုင်ဖို့အတွက် လက်လှမ်းမီတဲ့ အနေအထားမှာရှိနေပါပြီ။ ဆိုလိုတာက လူတစ်ယောက်ဟာ အသက်ရှည်စေဖို့အတွက် နေ့စဉ်ပြုမူဆောင်ရွက်မှုတွေကို ဂရုတစိုက်နေထိုင်မယ်ဆိုရင် အသက်ရှည်ဖို့ လူ့သက်တမ်းကို ဆွဲဆန့်နိုင်ပါတယ်။ လူတစ်ဦးချင်းစီတိုင်းကလည်း မိမိတို့ကျန်းမာရေးအခြေအနေတွေ တိုးတက်ကောင်းမွန်ဖို့၊ ပိုမိုကျန်းမာဖို့နဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်နေထိုင်မှုပုံစံတွေ မြှင့်တင်ကြဖို့လိုအပ်"

# "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

**နေပြည်တော် ဇွန် ၂၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ပြည်သူများသို့ အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နေပြည်တော်မြို့ပတ်လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်တို့က ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ပြည်သူများသိရှိနိုင်စေရန်အတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"အသိပညာပေး ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လက်ကမ်းစာစောင်များနှင့် လှုံ့ဆော်ရေးအထောက်အကူပြုပစ္စည်းများကို တက်ရာက်လာကြသူများထံ ဖြန့်ဝေပေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာသူများနှင့်အတူ မြေစိုက်ပိုစတာစိုက်ထူပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် နေပြည်တော် အားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင် အောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက နေပြည်တော် အားကစားအသင်းများ အားကစားနည်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်မည့်အခြေအနေနှင့် အားကစားသမားများရွေးချယ်မှု၊ လေ့ကျင့်မှုနှင့် အောင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဥက္ကဋ္ဌများက ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် နေပြည်တော်အားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စွမ်းရတနာခန်းမ၌ ကျင်းပသည့် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပျဉ်းမနားမြို့နယ်ပညာရေးမှူး ဦးတင်ဆန်းက ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းတက်ရာခိုင်နှုန်း၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများနှင့် မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေကို လည်းကောင်း၊ ထက်၊ လယ်၊ မူ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက သက်ဆိုင်ရာကျောင်းများအလိုက် ပညာသင်ကြားပေးနေမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုစန်းထံ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ၊ ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးရှိ မေတ္တာကန်သို့ရောက်ရှိပြီး အများပြည်သူ အပန်းဖြေအနားယူနိုင်ရန် ဆောင်ရွက်ထားရှိမှုနှင့် ကန်ပတ်ဝန်းကျင်တွင် ရာသီအလိုက် ပန်းပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်လံခရိုင်စုပေါင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**အောင်လံ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့၌ အောင်လံခရိုင်စုပေါင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် စက်ရုံရပ်ကွက် စုပေါင်းရုံးလမ်းရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**



အောင်လံခရိုင် စုပေါင်းရုံး အဆောက်အအုံသစ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးထွန်းခင်၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ယုနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဖွင့်လှစ်သည့် အောင်လံခရိုင် စုပေါင်းရုံး (၁၆၄' x ၁၂၇' x ၃၂') စတုရန်းပေ ၂၂၀၀၀ ရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံသစ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၂၉၈ သန်းဖြင့် တည်ဆောက်ခဲ့ပြီး ခရိုင်စုပေါင်းရုံးသစ်များတွင် ဝန်ကြီးဌာန ရှစ်ခုဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ရုံးခန်းနေရာလိုအပ်ချက်ရှိသော ဝန်ထမ်းများကို ခရိုင်စုပေါင်းရုံးတွင် နေရာချထားပေးခဲ့ကြောင်း ပြောကြားပြီး ရုံးအဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြတ်ဖြိုးရွှေငွေကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး (တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး) ဦးမောင်မောင်ဆန်းထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျော့မှူးမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ကော့မှူး ဇွန် ၂၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး လှုံ့ဆော်ရေးဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာတိုးဂိတ်အနီး၌ ကျင်းပသည်။

ဦးစွာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး မြေစိုက်ပိုစတာဆိုင်းဘုတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် အဖွဲ့ဝင်များနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်သူတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးမှ ဝန်ထမ်းများက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၂၀**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇွန် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ် (The 15th International Infrastructure Investment and Construction Forum – IIICF) ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုဒေသနှင့် နိုင်ငံတကာမှ အုပ်ချုပ်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ တရုတ်-အပြည်ပြည်ဆိုင်ရာ ကန်ထရိုက်တာများအသင်းနှင့် မကာအိုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအဖွဲ့အစည်းတို့မှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြသည်။




### အခမ်းအနားကိုဖွင့်လှစ်

အစီအစဉ်အရ နိုင်ငံတကာမှ တက်ရောက်လာသော ဆောက်လုပ်ရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အကြီးအကဲများ၊ တာဝန်ရှိသူများကို မိတ်ဆက်၍ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ်နှင့် ပြပွဲအခမ်းအနား ကျင်းပခြင်းအားဖြင့် အတွေ့အကြုံများကိုဖလှယ်ရန်၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်နှင့် နိုင်ငံတကာ အခြေခံအဆောက်အဦဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခွင့်အလမ်းများကို ချိတ်ဆက်ပေးနိုင်သော နည်းလမ်းတစ်ခုဖြစ်ပါကြောင်း။

နိုင်ငံတိုင်းအတွက် Green Innovation သည် သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ပြီး Green Innovation သဘောတရားတွင် တီထွင်ဆန်းသစ်မှုများနှင့် ပညာရပ်အမျိုးအစားများစွာ ပါဝင်ပါကြောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးရေး ပန်းတိုင်ဖြစ်သော Sustainable Development Goal (SDG) ၏ "ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ရေရှည်တည်တံ့သော စက်မှုဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေးခြင်း"လည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်မဟာဗျူဟာတွင် ဂေဟစနစ်ကာကွယ်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်ထုတ်လုပ်ရန်၊ စိမ်းလန်းသော ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ရန်နှင့် စွန့်ပစ်ပစ္စည်းများ၏ စီမံခန့်ခွဲမှုတို့ကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ Green Innovation အောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လျှပ်စစ်ကား (EV)များ ပိုမိုအသုံးပြုလာစေခြင်း၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများတွင် Solar Yard နေရာများကို ထည့်သွင်းအသုံးပြုခြင်း၊ မြို့ကြီးများ၏ မြို့ပြစီမံကိန်းရေးဆွဲရာတွင် စိမ်းလန်းသောနေရာများကို စဉ်းစားထည့်သွင်းရေးဆွဲခြင်း၊ လေအားလျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်းများကို ကမ်းရိုးတန်းဒေသများတွင် အကောင်အထည်ဖော်ရန် စီစဉ်ထားခြင်း၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် ပြည်ထောင်စုလမ်းမကြီးများတစ်လျှောက်တွင် လမ်းဘေးသစ်ပင်များ စိုက်ပျိုးခြင်းတို့ကို သဘာဝနည်းကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြို့ပြစီမံကိန်းနှင့် အိမ်ရာကဏ္ဍ Green Innovation အောက်တွင် ဆောင်ရွက်သော အိမ်ရာစီမံကိန်းများ၌ လေထုအရည်အသွေးမြှင့်တင်ရန် Green Spaces များ၊ စိမ်းလန်းသော အခြေခံအဆောက်အအုံများထားရှိရန် သစ်တောဧရိယာကို ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်မှုအဆင့်ဆင့်တွင် ထည့်သွင်းစဉ်းစား တည်ဆောက်ထားပါကြောင်း၊ Green Innovation နှင့် Smart Connectivity တို့ကို ဆောင်ရွက်ခြင်းဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် မြို့ပြအသွင်ကူးပြောင်းမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ ပိုမိုထိရောက်ပြီး ရေရှည်တည်တံ့သော မြို့ကြီးများဆီသို့ ဦးတည်သွားနိုင်မည်ဖြစ်ပါကြောင်း။

### အသိအမှတ်ပြုထား

Digital Connectivity အား "ဒစ်ဂျစ်တယ်စီးပွားရေးခေတ်" သို့မဟုတ် "စတုတ္ထစက်မှု တော်လှန်ရေး (4IR)" ဟုခေါ်တွင်လေ့ရှိပြီး လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများအတွက် အဓိကမောင်းနှင်အားတစ်ခုအဖြစ် အသိအမှတ်ပြုထားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ အတွက် အရေးပါသော အခြေခံအဆောက်အအုံနှင့် တန်ဖိုးမဖြတ်နိုင်သော စက်မှုလုပ်ငန်းများနှင့် ကဏ္ဍအားလုံးတွင် အစိုးရနှင့်ပုဂ္ဂလိကစနစ်များ ဒစ်ဂျစ်တယ်အဖြစ်သို့ ပြောင်းလဲခြင်းကိုကြည့်လျှင် သိနိုင်ပါကြောင်း။

ယနေ့ကျင်းပသည့်ဖိုရမ်သည် ပွင့်လင်းမြင်သာမှုကိုမြှင့်တင်ရန်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိစေရန် ပူးပေါင်းဆောင်ရွက်မှုများကို အားပေးကာ ဆောက်လုပ်ရေးကဏ္ဍနှင့် မိတ်ဖက်နိုင်ငံများအတွက် Green Innovation နှင့် Digital Connectivityတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

သတင်းစဉ်

# စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၀

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မိမိတို့လုပ်ငန်း ဆပ်ကော်မတီကို ပေးအပ်ထားသည့် တာဝန် (၁၈)ရပ်သည် မိမိတို့ ပြည်ထောင်စုအတွင်း၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ထားခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဆပ်ကော်မတီအနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများအတွက် စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဆပ်ကော်မတီဝင်ဌာနများအနေဖြင့် မိမိတို့လျာထား လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များက မိမိတို့ဌာနအလိုက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ခွင့်ပြုလုပ်ငန်းများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃) ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တွင် တင်ပြဆွေးနွေးရန်အတွက် လိုအပ်သည်များကို အချိန်မီပြုစု တင်ပြပေးစေလိုပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းရှူးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

မိုင်းရှူး ဇွန် ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့မစခန်းမှူး ဒုတိယရဲမှူးမိုးလွင်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုး၊ ပြစ်မှုပြစ်ဒဏ်များ၊ မှူခင်းပညာပေးနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး ဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးလေးယုက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးများအကြောင်း ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ နှစ်ပတ်လည်အစည်းအဝေး (၂၀၂၄) ကျင်းပ

နေပြည်တော်  ဇွန်  ၂၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ နှစ်ပတ်လည်အစည်းအဝေး (၂၀၂၄)ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်နှင့် နေပြည်တော်မှ ဗဟိုကောင်စီဝင်များ၊ ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ဗဟိုကောင်စီဝင်များက Online စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)က အစည်းအဝေးကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥပဒေနှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ ပုံမှန်ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ဒွိတာဝန်အရေးသုံးပါးနှင့် တိုင်းရင်းသားပြည်သူများ၏လူမှုရေး၊ စီးပွားရေးတန်းတူပြိုင်တူ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားအဖြစ် တာဝန်သိသိဖြင့် ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထောက်ပံ့ရေးအပိုင်းတွင် ပုံမှန်ထောက်ပံ့မှုများအပြင် ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်မှစတင်၍ အသက် ၈၀ ပြည့်နှင့်အထက်အဖွဲ့ဝင် ၄၈၂၃ ဦးကို တစ်ဦးလျှင် ကျပ်ငါးသောင်းနှုန်း၊ အသက် ၉၀ နှင့်အထက်အဖွဲ့ဝင် ၄၁၈ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ အသက် ၁၀၀ နှင့်အထက်အဖွဲ့ဝင် ၁၀ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀နှုန်းဖြင့် တိုးမြှင့်ထောက်ပံ့နိုင်ခဲ့ပါကြောင်း၊ ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဗဟိုကောင်စီဝင်များက မိမိတို့၏ဆောင်ရွက်ချက်များ၊ ဆွေးနွေးတင်ပြလိုသည့်အချက်များ၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းသုံးသပ်တင်ပြပေးရန် မှာကြားသည်။

ထို့နောက်၂၀၂၃-၂၀၂၄ ခုနှစ်ကာလအတွက် ဗဟိုအမှုဆောင်အဖွဲ့အစီရင်ခံစာ အနှစ်ချုပ်နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံးဖွဲ့စည်းပုံပြင်ဆင်ခြင်းများကို ဗဟိုအမှုဆောင်အဖွဲ့ အတွင်းရေးမှူးကလည်းကောင်း၊ လုပ်ငန်းအဖွဲ့များအလိုက် တင်ပြချက် သုံးသပ်ချက်များကို လုပ်ငန်းအဖွဲ့အတွင်းရေးမှူးများက လည်းကောင်း ရှင်းလင်းတင်ပြပြီး ဗဟိုအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းကို တင်ပြအတည်ပြုခြင်း ဆောင်ရွက်သည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဗဟိုကောင်စီဝင်များနှင့်ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများက ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို အွန်လိုင်းစနစ်ဖြင့် ဖတ်ကြားတင်ပြရာ ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ ဗဟိုအမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များတွင် လစ်လပ်တာဝန်နေရာများကို အစားထိုးခန့်အပ်ခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဗဟိုဌာနချုပ်ရုံးဖွဲ့စည်းပုံနှင့် ဘဏ္ဍာရေးအစီရင်ခံစာများအား အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ဆောင်ရွက်ကြပြီး သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်





## လဲချားမြို့၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

လဲချား ဇွန် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်ရှိ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၃နာရီက ပြည်တွင်းအခွန်များဦးစီးဌာန လဲချားမြို့နယ်ရုံးတွင် ကျင်းပသည်။

အဆိုပါ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုင်းအာကာက အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များ၊ အခွန်အကြောင်းသိကောင်းစရာများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အခွန်နှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အခွန်ထမ်းပြည်သူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသောပြည်သူများ၏ သိရှိလိုသည့်မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လဲချား (ပြန်/ဆက်)

## ဝေါမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပ

ဝေါ ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အခွန်ဦးစီးဌာနရုံးအနေဖြင့် မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအောင်က အခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဒေါ်အိအိခိုင်က ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသည့် အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးသည်။

စိုးမိုး(ပြန်/ဆက်)



## ဘီးလင်းမြို့နယ်၌ လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေး

ဘီးလင်း ဇွန် ၂၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဘီးလင်းမြို့နယ် ကန်သာယာ (၈) ရပ်ကွက် ဓမ္မာရုံ၌ ဆောင်ရွက်သည်။




ထိုသို့ဆောင်ရွက်ရာတွင် ဘီးလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးထွန်းထွန်းအောင်၏ ကြီးကြပ်မှုဖြင့်တိုက်နယ်မှူး ဝန်ထမ်းများက သက်ဆိုင်ရာ ကန်သာယာရပ်ကွက်အတွင်းရှိ အသက် (၁၁) နှစ်/အသက် (၁၈) နှစ်အထက် ကိုင်ဆောင်လက်မှတ် မရှိသေးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ရာ ယနေ့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၃ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ငါးခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ကျိုက်ထိုမြို့ အမက (ကော်ခြံ)၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်



ကျိုက်ထို ဇွန် ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ တောင်ပိုင်းရပ်ကွက်ရှိ အမက( ကော်ခြံ) ၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မျိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိစေရန်နှင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည် ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့အနယ်နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး လူထုအသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ



ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၂၀ ရက်နံနက်ပိုင်းက မြို့လယ်လမ်းဆုံမီးပွိုင့်အနီး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့်အဖွဲ့ဝင်များက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

ဆွေနှယ်(ပြန်/ဆက်)



အလုံခရိုင်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုပညာပေးဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၂၀ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ပဒုမ္မာပန်းခြံ ရှေ့၌ ကျင်းပရာ အလုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များတက်ရောက်ပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဘော်ဂါသွေး



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် မင်းပိုင်းရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ပန်းခြံဝင်းနှင့် ကျွန်းတောရပ်ကွက် ရွှေဆံတော်ဘုရားလမ်း မိဘဂုဏ်ဘိုးဘွားရိပ်သာရှေ့တို့၌ ကျင်းပရာ တွံတေးခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့်အဖွဲ့ဝင်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မျိုးလှိုင်(တွံတေး)



ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ဆိုင်ရာ ဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် ဒလ–တွံတေးကားလမ်း အောင်ဇေယျဈေးအရှေ့၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်နှင့်အဖွဲ့ဝင်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အေးမြမိုး(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး လူထုအသိပညာပေးဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက်က အမှတ် (၂) ရပ်ကွက် နောင်ဖာလမ်းဆုံ၌ ကျင်းပရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ထွန်းလွင်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရွှေအိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မင်းလွင်ဦး(တန့်ယန်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး လူထုအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းအခမ်းအနားကို ဇွန် ၂၀ ရက်က လင်းခေးမြို့ မြို့မလမ်းဆုံ၌ ကျင်းပရာ လင်းခေးတပ်နယ်မှူး ဗိုလ်မှူးကြီး ကျော်ထွန်းလတ်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမိုး (ခရိုင်ကော်မတီအဖွဲ့ဝင်)၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဒေါ်နန်းတင်မိုးဆွေ (ခရိုင်လဝကဦးစီးမှူး)၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးစိုင်းကြည်ရွှင် (မြို့နယ်လဝကဦးစီးမှူး)တို့က ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဘုရင့်နောင်လမ်းဆုံ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးဖြိုးဝေစိုး၊ အဖွဲ့ဝင်(၂) ဦးအေးဝင်း၊ အဖွဲ့ဝင်(၃) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထန်းတပင်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်တို့က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ဆိုင်းဘုတ်ကို အမွှေးနံသာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးစဉ်။

ဇင်မင်းထိုက်(ထန်းတပင်)





မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းကို ဇွန် ၂၀ ရက်က အမှတ်(၂) ရပ်ကွက် ဗိုလ်ချုပ်ပန်းခြံရှေ့ မြို့လမ်းဆုံ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူး သိန်းမင်းဇင်နှင့် အတွင်းရေးမှူး ရဲမှူးဝင်းကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သန်း၊ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်တို့က အသိပညာပေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဝင်းအိမွန်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး လူထုအသိညာပေးဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၂၀ ရက်က သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း ကျွန်းမာလာပန်းခြံ၌ ကျင်းပရာ သဃ်န်းကျွန်းခရိုင် ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးဦးလှသိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ဦးသောင်းလွင်၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၃) သဃ်န်းကျွန်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသက်ခိုင်တို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

သိန်းအောင်

# ကုန်သွယ်ရေးတင်းမာလာမှုကြောင့် ဥရောပမှတင်သွင်းလာသည့် ဝက်သားများအား ဈေးလျှော့ရောင်းချခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံက စတင်စစ်ဆေး

**နေပြည်တော် ဇွန် ၂၀**

တရုတ်နိုင်ငံမှ တင်ပို့သည့် မော်တော်ယာဉ်များအပေါ် ဘရပ်ဆဲလ်မှ အခွန်နှုန်းတိုးမြှင့်လိုက်ပြီး နောက်နေ့တွင် ဥရောပသမဂ္ဂမှ တင်သွင်းလာသည့် ဝက်သားအချို့အပေါ် ဈေးလျှော့ရောင်းချမှုနှင့် ပတ်သက်၍ စစ်ဆေးစုံစမ်းမှုများကို ပေကျင်းမှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဥရောပမှ တင်သွင်းလာသည့် ဝက်သားနှင့် ဝက်ကလီစာ၊ ဝက်ဆီ၊ ဝက်အူ၊ ဝက်သည်းခြေနှင့် ဝက်အစာအိမ် အစရှိသည်တို့ကို စုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန် ၁၇ ရက်တွင် ကြေညာခဲ့ကြောင်း၊ အဆိုပါ စုံစမ်းစစ်ဆေးမှုကို ၁၂ လအတွင်း ပြီးဆုံးရန် မျှော်မှန်းထားသော်လည်း နောက်ထပ် ခြောက်လ သက်တမ်းတိုးနိုင်ခြေရှိသည်ဟု ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ဥရောပမှ ဝက်သားများအား စုံစမ်းစစ်ဆေးခြင်းမှာ တရုတ်နိုင်ငံထုတ် လျှပ်စစ်မော်တော်ယာဉ်များအပေါ် အခွန်ကောက်ခံနှုန်းကို EU မှ မကြာသေးမီက တိုးမြှင့်ခဲ့မှုအပေါ် တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံရှိ ဥရောပကုန်သည်ကြီးများအသင်းက ပြောကြားသည်။

ယခုကဲ့သို့ စုံစမ်းစစ်ဆေးခြင်းမှာ ပြည်တွင်းလုပ်ငန်းအုပ်စုတစ်ခုဖြစ်သော တရုတ်နိုင်ငံ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးအသင်း၏ တရားဝင်တိုင်ကြားချက်အရ ပထမဆုံးအကြိမ် စတင်စစ်ဆေးခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြန်လည်ပြောကြားသည်။ ၎င်းတို့၏ တိုင်ကြားချက်တွင် တရုတ်နိုင်ငံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ ဥပဒေများအရ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည်ဟု စုံစမ်းစစ်ဆေးမှုအာဏာပိုင်များက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။

ဥရောပ၏ ဝက်သားလုပ်ငန်းမှာ ထုတ်လုပ်နိုင်စွမ်းထက် ပိုမိုထုတ်လုပ်နေပြီး အထောက်အပံ့ပေးမှု အများအပြားရရှိနေခြင်းကြောင့် တရုတ်နိုင်ငံ၏ ပြည်တွင်းဝက်သားလုပ်ငန်းအပေါ် သက်ရောက်မှုများဖြစ်ပေါ်စေခဲ့ကြောင်း တိုင်ကြားမှုတွင် ဖော်ပြထားကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အနောက်နိုင်ငံများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းများက တရုတ်နိုင်ငံ၏ လျှပ်စစ်မော်တော်ယာဉ်များနှင့် ဆိုလာတင်ပို့မှုများအပေါ် အခွန်အခများတိုးမြှင့်ချမှတ်ခဲ့ခြင်းကို ထင်ဟပ်စေသည့် အရေးအသားများကို တရုတ်နိုင်ငံ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးအသင်း၏ တရားဝင်တိုင်ကြားချက်တွင် တွေ့ရှိရသည်။

တရုတ်နိုင်ငံမှ ယာဉ်များတင်သွင်းမှုအပေါ် အထောက်အပံ့ပေးမှု တန်ပြန်အခွန်အား ၃၈ ရာခိုင်နှုန်းအထိ ထပ်မံကောက်ခံရန်နှင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဥရောပကော်မရှင်မှ ပြီးခဲ့သည့်ရက်သတ္တပတ်က ကြေညာခဲ့သည်။ ပြီးခဲ့သည့် မေလက အမေရိကန်နိုင်ငံသည် တရုတ်လျှပ်စစ်ယာဉ်များ တင်သွင်းမှုအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းအထိချမှတ်ခဲ့ရာ ယင်းသည် ယခင် ၂၅ ရာခိုင်နှုန်း ကောက်ခံနေရာမှ တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း၊ တရုတ်ဆိုလာဆဲလ် တင်သွင်းမှုအခွန်မှာလည်း ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ နှစ်ဆမြှင့်တက်ခဲ့ပြီး တရုတ်သံမဏိနှင့် အလူမီနီယံများမှာ သုံးဆအထိ မြှင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဥရောပ၏ ဆောင်ရွက်မှုအပေါ် ပေကျင်းမှ ဝေဖန်ခဲ့ပြီး ပေကျင်းအနေဖြင့် ၎င်း၏ ကုန်သွယ်ရေးအကျိုးအမြတ်များ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နည်းဥပဒေများနှင့် ဈေးကွက်စည်းမျဉ်းစည်းကမ်းများကို ကာကွယ်ရန်အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တရုတ်ဈေးကွက်သည် ကမ္ဘာ့အကြီးဆုံးဈေးကွက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ရာ ဥရောပဝက်သားအပေါ် စုံစမ်းစစ်ဆေးရန် ကြေညာချက် ထုတ်ပြန်လိုက်ခြင်းမှာ ဥရောပဝက်သားလုပ်ငန်း၏ စိုးရိမ်ပူပန်မှုများအား အစပျိုးပေးလိုက်ခြင်းပင်ဖြစ်သည်။ အကယ်၍ တရုတ်နိုင်ငံအနေဖြင့် ဥရောပမှ အသားတင်သွင်းမှုများအား ကန့်သတ်လိုက်မည်ဆိုပါက ၎င်း၏လုပ်ငန်းများမှာ အထိနာဆုံးဖြစ်မည်ဟု Danish Agriculture and Food Council က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ အလားတူ တရုတ်နိုင်ငံသို့ ဥရောပ၏ ဝက်သားအများဆုံးတင်ပို့နေသည့် စပိန်နိုင်ငံသည် ယခုကိစ္စရပ်နှင့်စပ်လျဉ်းပြီး အခွန်ကြောင့် ထိခိုက်မှုများမှ ရှောင်လွှဲနိုင်ရန် အဖြေတစ်ခုအား ဆောလျင်စွာရှာဖွေဖော်ထုတ်သွားရန် ဥရောပသမဂ္ဂမှ တာဝန်ရှိသူများအား တိုက်တွန်းပြောကြားထားကြောင်း ဖော်ပြပါရှိသည်။

**စီးပွား/ကူးသန်း**

# တောင်ကြီးမြို့၌ ရှမ်းပြည်နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဇွန် ၂၀**

ပထမအကြိမ် ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်က အဖွင့်အမှာစကားပြောကြားသည်။




ထို့နောက် ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က အထက်တန်းအဆင့် ကျပန်းစကားပြော ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အထက်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ပြည်နယ်အမျိုးသမီး ကော်မတီနာယကက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီးက မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီးက စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ဇနီးက စာပေဟောပြောပွဲတွင် ဟောပြောပေးခဲ့ကြသည့် စာပေပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းဦးစီးချုပ်၏ဇနီးက ပြိုင်ပွဲတွင် ကူညီ ဆောင်ရွက်ပေးခဲ့ကြသော အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်မေမေနီက အထက - ၁၊ အထက - ၂ နှင့် အထက - ၅ ကျောင်းများအတွက် သုတ၊ ရသ စာအုပ်များအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်နိုင်လင်း**

# လင်းခေးမြို့၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ ဆောင်ရွက်

**လင်းခေး ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက လင်းခေးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးဇေယျာက တည်ဆဲဥပဒေများနှင့်အညီ ပြေစာအမှတ်တံဆိပ်၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် ပတ်သက်သည်များအား လုပ်ငန်းရှင်များ သိရှိနားလည်ရန်နှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




# မိုင်းဆတ်မြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မိုင်းဆတ် ဇွန် ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ အခွန်ပညာပေး ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်တွင်းအခွန်များဦးစီးဌာန မိုင်းဆတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် မိုင်းဆတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးစောကလိုမူးက အခွန်ဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ၏ အကျိုးအတွက် နိုင်ငံတော်အစိုးရက ကျခံဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း ထည့်ဝင်ရမည့်ငွေဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များနှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်း သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။



### တက်ရောက်

ထို့နောက် တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး အခမ်းအနားသို့ လုပ်ငန်းရှင် ၂၃ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်(ပြန်/ဆက်)**

# နမ့်စန်မြို့နယ်၌ အခွန်ဥပဒေဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**နမ့်စန် ဇွန် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်၌ အခွန်ဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းကို ယနေ့နံနက် ၁၁ နာရီခွဲက အမှတ်(၂) ရပ်ကွက်ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးခန်းမ၌ ဆောင်ရွက်ခဲ့သည်။




### ရှင်းလင်းဆွေးနွေး

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ မြို့နယ်အခွန်ဦးစီးမှူး ဦးဘဲရယ်က မြို့နယ်အတွင်းရှိ အခွန်ထမ်း လုပ်ငန်းရှင်များအား ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက် ဥပဒေနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုက်နာရမည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ အကြောင်းကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

အဆိုပါအသိပညာပေး ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခွန်ထမ်းလုပ်ငန်းရှင် ၁၆ ဦး တက်ရောက်ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဗီယက်နမ်သမ္မတ တူလမ် တွေ့ဆုံဆွေးနွေး



**ဟနွိုင်း ဇွန် ၂၀**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဗီယက်နမ်သမ္မတ တူလမ်နှင့် ယနေ့ဟနွိုင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား စွမ်းအင်နှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

မိမိတို့နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေးအတွက် ဆောင်ရွက်ရန်ဆန္ဒရှိကြောင်း ပူတင်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြားကုန်သွယ်မှုသည် ယခုနှစ်အတွင်း ၃၀ ရာခိုင်နှုန်းကျော်တိုးတက်လာခဲ့ပြီး ရုရှားကုမ္ပဏီများအနေဖြင့် ဗီယက်နမ်နိုင်ငံရှိသဘာဝဓာတ်ငွေ့ရည်စီမံကိန်းများတွင် လုပ်ငန်းဆောင်ရွက်ရန် အသင့်ရှိနေကြောင်း ပူတင်ကထပ်လောင်းပြောကြားခဲ့သည်။

ရုရှားနှင့် ဗီယက်နမ်တို့သည် ဆိုဗီယက်ယူနီယံကာလအတွင်းကပင် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ သမ္မတပူတင်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ငုယင်ဖူထရောင်နှင့်လည်း တွေ့ဆုံခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



## အမေရိကန်နိုင်ငံသားနှင့်လက်ထပ်ပြီး အမြဲတမ်းနေထိုင်ခွင့် လျှောက်ထားပါက နိုင်ငံသားဖြစ်ခွင့်ရရှိရန် ပိုမိုလွယ်ကူစေမည်

**ဝါရှင်တန် ဇွန် ၂၀**

အမေရိကန်နိုင်ငံ၌ အထောက်အထားမဲ့ နှစ်ရှည်နေထိုင်သူများအနေဖြင့် အမေရိကန်နိုင်ငံသားနှင့် လက်ထပ်ပြီး အမြဲတမ်းနေထိုင်ခွင့် လျှောက်ထားပါက နိုင်ငံသားဖြစ်ခွင့်ရရှိရန် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ကြေညာကြောင်း သိရသည်။

အဆိုပါ ကြေညာချက်သည် အမေရိကန်သို့ တရားမဝင် ဝင်ရောက်လာသူများ၊ အိမ်ထောင်သည် အမေရိကန် နိုင်ငံသားများအပါအဝင် နိုင်ငံအတွင်း အနည်းဆုံး ၁၀ နှစ် နေထိုင်လျက်ရှိသူများနှင့် သက်ဆိုင်မည်ဖြစ်သည်။

၎င်းတို့သည် အမေရိကန်နိုင်ငံ၌ အမြဲတမ်းနေထိုင်ရန် လျှောက်ထားခွင့်ရရှိမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းစဉ်သစ်သည် အမေရိကန် နိုင်ငံသား အိမ်ထောင်ဖက် တစ်သန်းခွဲခန့်နှင့် ထိုကဲ့သို့သော မိသားစုများမှ မွေးဖွားလာသည့် ကလေး ၅၀၀၀၀ ခန့်တို့ သက်ဆိုင်မည်ဟု ဘိုင်ဒင်အစိုးရက ပြောကြားသည်။

လက်ရှိချမှတ်ထားသော စည်းမျဉ်းများအရ နိုင်ငံသားအဖြစ်လျှောက်ထားသူများသည် နိုင်ငံသားဖြစ်ခွင့်မရရှိမီကာလအတွင်း အမေရိကန်နိုင်ငံမှ ထွက်ခွာရန် လိုအပ်ကြောင်း သိရသည်။

အမေရိကန်တောင်ပိုင်းနယ်စပ်ကို ဖြတ်ကျော်ရန် ကြိုးစားလျက်ရှိသည့် ရွှေ့ပြောင်းအခြေချသူ အရေအတွက် များပြားလာခြင်းအပေါ် ကိုင်တွယ်ဖြေရှင်းမည့် နည်းလမ်းသည် နိုဝင်ဘာလ သမ္မတ ရွေးကောက်ပွဲအတွက် အရေးကြီးသည့် အဓိက ပြဿနာတစ်ခုဖြစ်သည်။ မကြာသေးမီကာလအတွင်း မက္ကဆီကိုနိုင်ငံမှ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှု ပမာဏများပြားလာခြင်းကြောင့် ခိုလှုံခွင့်တောင်းခံမှုများကို ရပ်တန့်ရန် အမိန့်ချမှတ်ခဲ့ချိန်တွင် ဘိုင်ဒင်အစိုးရအပေါ် ဝေဖန်မှုများ မြင့်တက်လာခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## အမေရိကန်မှ အသက် ၁၀၅ နှစ်အရွယ်ရှိ အမျိုးသမီး စတန်းဖို့ဒ်တက္ကသိုလ်မှ ပညာရေးဆိုင်ရာမဟာဘွဲ့ ရရှိ



**စတန်းဖို့ဒ် ဇွန် ၂၀**

အမေရိကန်မှ အသက် ၁၀၅ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် စတန်းဖို့ဒ် တက္ကသိုလ်မှ ပညာရေးဆိုင်ရာ မဟာဘွဲ့ကို ရရှိခဲ့ကြောင်း ယနေ့ယူပီအိုင် သတင်းဌာနသတင်းအရ သိရသည်။

ဗာဂျီးနီးယားဂျင်ဂျာ ဟစ်လော့အမည်ရှိ အမျိုးသမီးသည်၁၉၄၀ ပြည့်နှစ်တွင် စတန်းဖို့ဒ်ပညာရေး တက္ကသိုလ်မှ ပညာရေးဆိုင်ရာဘွဲ့ ရရှိခဲ့ပြီးနောက် ယင်းတက္ကသိုလ်တွင်ပင် ပညာရေးဆိုင်ရာ မဟာဘွဲ့ရရှိရန် ဆောင်ရွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ၎င်း၏ချစ်သူဂျော့ရှ် ဟစ်လော့နှင့် လက်ထပ်ခဲ့ပြီး ၎င်း၏ ချစ်သူမှာ စစ်မှုထမ်းရန် လိုက်ပါသွားခဲ့သဖြင့် ဗာဂျီးနီးယားဂျင်ဂျာ ဟစ်လော့မှာ မဟာဝိဇ္ဇာဘွဲ့ဆိုင်ရာ ကျမ်းပြုစာတမ်းတင်ရန် အခွင့်အရေးမရရှိခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့်နှစ်အတန်ကြာ ပြန်လည်ကြိုးပမ်းခဲ့ရသည့် မဟာဝိဇ္ဇာဘွဲ့ ရရှိရေးအတွက် မိမိ၏ ရည်မှန်းချက်ကို ယခုရလဒ်က အသိအမှတ်ပြုခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ယူပီအိုင်**
**ဘာသာပြန်-စိုးသူရ**

## သီရိလင်္ကာနိုင်ငံ၌ ဇူလိုင် ၈ ရက်တွင် နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပမည်

**ကိုလံဘို ဇွန် ၂၀**

သီရိလင်္ကာနိုင်ငံသည် တောင်အာရှ၏ ခရီးသွားဗဟိုချက်တစ်ခုဖြစ်လာစေရန် ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ကိုလံဘို နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ဇူလိုင် ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် သီရိလင်္ကာပရိသတ်များကို အီရန်၊ ပြင်သစ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်နှင့် ဂျာမနီတို့အပါအဝင် နိုင်ငံအများအပြားမှ ထူးချွန်ဆုရဇာတ်ကားများ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ပွဲတော်ကျင်းပခြင်းဖြင့် နိုင်ငံအတွင်း၌ ရုပ်ရှင်ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအတွက် ကမ္ဘာ့ရုပ်ရှင်လောက အကြောင်းကိုကျယ်ပြန့်စွာ နားလည်သဘောပေါက်ပြီး အတွေ့အကြုံကောင်းများ ရရှိစေမည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရက ပြောကြားသည်။

အမျိုးသားရုပ်ရှင်ကော်ပိုရေးရှင်းနှင့် သီရိလင်္ကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်း၍ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ကျင်းပရန် သီရိလင်္ကာ လူထုမီဒီယာဝန်ကြီးနှင့် ခရီးသွားနှင့် မြေယာဝန်ကြီးတို့ တင်ပြသည့် ပူးတွဲအဆိုပြုချက်ကို အစိုးရအဖွဲ့က အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## ဂါဇာကမ်းမြောင်အနီးရှိ ဒေသအများအပြားတွင် စစ်ရေးဆိုင်ရာ ကန့်သတ်ချက်များ ရုပ်သိမ်း

**ဂျေရုဆလင် ဇွန် ၂၀**

ဂါဇာကမ်းမြောင်အနီးရှိ ဒေသအများအပြားတွင် စစ်ရေးဆိုင်ရာ ကန့်သတ်ချက်များ ရုပ်သိမ်းလိုက်ကြောင်း အစ္စရေးတပ်ဖွဲ့က ယနေ့ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် ယမန်နှစ် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်တို့၏ တိုက်ခိုက်မှုအပြီး သိသာထင်ရှားသည့် ဆောင်ရွက်ချက်ဖြစ်သည်။

ယခုကန့်သတ်ချက်ရုပ်သိမ်းသည့် ဒေသများမှာ ဂါဇာဒေသနယ်စပ်မှ ခုနစ်ကီလိုမီတာ အတွင်းရှိသည့် ဒေသများပါဝင်သည်။

ယခုဆောင်ရွက်ချက်ကို အစ္စရေးကာကွယ်ရေးဝန်ကြီး Yoav Gallant နှင့် စစ်ဦးစီးချုပ် Herzi Halevi တို့၏ သုံးသပ်မှုများအပြီးတွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဂါဇာဒေသအနီးရှိဒေသများအတွင်း လက်ရှိအချိန်တွင် လုပ်ငန်းများဆောင်ရွက်ခြင်း၊ လူစုလူဝေးများစုဝေးခွင့်ပြုခြင်းနှင့် ပညာသင်ကြားခြင်း အပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရှစ်လကျော်ကြာမြင့်ခဲ့သည့် အစ္စရေးပါလက်စတိုင်းပဋိပက္ခအတွင်း အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဂါဇာဒေသတွင် ဒေသခံများ သေကျေခဲ့ပြီး အခြေခံအဆောက်အအုံများပျက်စီးခဲ့သည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၉ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Aye Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တွင်းလပ်နေ ကျော်အေးလွင်အား နံနက် ၁၀ နာရီခွဲတွင် ချောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မတ္တရာမြို့နယ် ပြည်သာအေးကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၈ ရက်တွင် ပြည်သာအေးကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မတ္တရာမြို့နယ် ပြည်သာအေးကျေးရွာအနီးတွင် အကြမ်းဖက်သမားများ ခိုအောင်းရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ပြည်သာအေးကျေးရွာအနီးသို့ ရောက်ရှိစဉ် အကြမ်းဖက်သမားများက စတင်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုရှိခဲ့ပြီး ကျေးရွာအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း အကြမ်းဖက်သမားများ အကာအကွယ်ယူပစ်ခတ်ခဲ့သည့် လူနေအိမ်အချို့အား ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ လက်လုပ်စိန်ပြောင်း နှစ်လက်၊ လက်လုပ်မိုင်းခြောက်လုံး၊ လက်လုပ်ဗုံးသီး ငါးလုံးနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိသည့်နေရာနှင့် အနီးဝန်းကျင်နေရာများတွင် လုပ်ကြံသတင်းများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆီဆိုင်မြို့နယ်တွင် တပ်မတော်နှင့် PNO အဖွဲ့က စစ်အသုံးစရိတ်ဟုဆိုကာ တစ်အိမ်လျှင် ငွေကျပ် ငါးသိန်းမှ ရှစ်သိန်း အထိ လိုက်လံကောက်ခံနေဟု သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၂၀

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်တွင် တပ်မတော်နှင့် PNO အဖွဲ့တို့က ဇွန် ၁၇ ရက်တွင် စစ်အသုံးစရိတ်ဟုဆိုကာ တစ်အိမ်လျှင် ငွေကျပ် ငါးသိန်းမှ ရှစ်သိန်း အထိ လိုက်လံကောက်ခံနေကြောင်း မှန်ကန်မှုမရှိသော သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်လုံခြုံရေး တာဝန်ရှိသူတစ်ဦးနှင့် PNO အဖွဲ့မှတာဝန်ရှိသူတစ်ဦးတို့၏ ပြောကြားချက်အရ ဆီဆိုင်မြို့နယ်အတွင်း မည်သည့်ငွေကြေးမျှ ကောက်ခံခြင်းမရှိဘဲ လုပ်ကြံရေးသားထားသော သတင်းအမှားသာဖြစ်ကြောင်း၊ ဆီဆိုင်မြို့နယ်အတွင်း ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။




ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို ထုတ်လွှင့်ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၆-၂၀၂၄ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အဋ္ဌရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဇောဗျဂ်သုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | တန်ဖိုးမဖြတ်နိုင်သောကျန်းမာရေး လက်ဆောင်မွန် (ယောဂလေ့ကျင့်ခန်း) |
| ၀၉:၁၅ | နဝင်္ဂဥပေါသထသီလပေးတရားတော် |
| ၀၉:၄၀ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုစီးပွားသတင်းများ |
| ၁၁:၀၀ | နယုန်လတွင်စာသဘင် |
| ၁၂:၃၅ | မြတ်ဘုရားထံမှချမ်းသာရတရားတော် |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၃) |
| ၁၄:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁၂) |
| ၁၅:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၄၅ | မျိုးဂုဏ်တင့်စေ ဆိုကရေးတီးအမွေ |
| ၁၇:၀၅ | သီတဂူဆရာတော်အရှင်ဉာဏိဿရ၏နယုန်လပြည့်မဟာသမယကြီးကျယ်ထူးမြတ်သည့်အခါတော်နေ့ |
| ၁၇:၃၅ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'မိုးနဲ့အတူ' တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၁၅ | မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၂၀) |

### mitv

| | |
|---|---|
| 07:01 | Am Evergreen Classic: Awayyar Horntu (Sein Lei Lei) |
| 07:09 | The Mandolinist |
| 07:37 | Yoga & Health |
| 08:01 | News |
| 08:26 | Asia Updates; A Prey on Birds |
| 08:51 | New Destination for Sea Lovers |
| 08:56 | World Hydrography Day |
| 09:01 | Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-3) Residence of Rich Man, Kothiya |
| 09:13 | Children's Delight: Twelve Seasonal Festivals in Myanmar (Nayon Myanmar Month) |
| 09:35 | Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-1) |
| 10:01 | News |

### MRTV NRC

ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရွှေလက်ရာ

ဝ (၀၈:၀၀ မှ ၁၀:၀၀)
စာအတူတူဖတ်ကြရအောင်

ကချင် (၁၀:၀၀ မှ ၁၂:၀၀)
အာလူးထောင်းကြော်

ကယား (၁၂:၀၀ မှ ၁၄:၀၀)
အဏ္ဏာရီဆန်တဲ့ကြက်ဂူဆီသို့

ပအိုဝ်း (၁၄:၀၀ မှ ၁၅:၀၀)
တစ်နိုင်တစ်ပိုင်ထန်းလျက်လုပ်ငန်း

အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)
သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း

အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

ချင်း (ဖလမ်း) (၁၇:၀၀ မှ ၁၈:၀၀)
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့်မဟာကာကြံဆစ်

ချင်း (ဇိုမီး) (၁၈:၀၀ မှ ၁၉:၀၀)
ချင်းရိုးရာတူရိယာများ

မွန် (၁၉:၀၀ မှ ၂၁:၀၀)
မွန်ရိုးရာကြက်သားမရမ်းပြားချက်

ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)
အနာဂတ်ရဲ့အိပ်မက်ခရီးရှည်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ECONOMIC REVIEW |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၄၅ | ရသစုံစွာ၏မြေကမ္ဘာ |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၄၅ | EURO 2024 အထူးအစီအစဉ် (အပိုင်း-၇) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၀) |
| ၁၈:၀၀ | Economic Review |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၃၀ | မြန်မာလူမျိုးတို့ရဲ့မပါမဖြစ်အစားအစာ နေပြည်တော်ရဲ့ရွှေဥဒေါင်းငဲ့ကြော် |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | New Flash |
| ၁၈:၁၅ | My 3 Most Profitable Microgreens |
| ၁၈:၃၀ | မင်းရဲ့ကျော်စွာဗိုလ်နေတိုး (ဇာတ်လမ်း) |
| ၂၂:၀၀ | New Flash |
| ၂၃:၃၀ | It's a Girl: The Three Deadliest Words in the World (2012) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Soccer View |
| ၁၆:၁၀ | အားကစားလောကထဲကသူတို့အကြောင်း |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြိုင်ကြီးငူဒေသရှိ အခြေခံပညာကျောင်းဆောင်သစ်များ ဖွင့်လှစ်

ဘားအံ ဇွန် ၂၀

လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးအတွက် ဇွန် ၁၈ ရက် နံနက်ပိုင်းက မြိုင်ကြီးငူဒေသရှိအခြေခံပညာကျောင်းဆောင်သစ်များဖွင့်လှစ်ခဲ့ပြီး မြိုင်ကြီးငူဒေသသို့ ယာယီပြောင်းရွှေ့နေထိုင် ပညာသင်ကြားလျက်ရှိသော ဖာပွန်မြို့နယ်မှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဦးစွာ မြိုင်ကြီးငူ နန်းဦးဘေးမဲ့ကျောင်းတိုက် ဦးစီးပဓာနနာယက ဒုတိယမြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ ဉာဏိက၊ မဲဆမိတ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒရ၊ ဓမ္မညီနောင်ဆရာတော်ဘဒ္ဒန္တစန္ဒန ဉာဏိက၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့်ဥက္ကဋ္ဌတို့က မြိုင်ကြီးငူဒေသ ဆွေချမ်းရိပ်မြိုင်ရပ်ကွက် ဆွေချမ်းရိပ်မြိုင်အခြေခံပညာမူလတန်းကျောင်းရှိ RC တစ်ထပ်ကျောင်းဆောင်သစ်၊ ချမ်းသာမြိုင်အခြေခံပညာ မူလတန်းလွန်ကျောင်းရှိ RC တစ်ထပ်ကျောင်းဆောင်သစ်၊ နန်းဟေမြိုင် အခြေခံပညာမူလတန်းကျောင်းရှိ RC တစ်ထပ်ကျောင်းဆောင်သစ်၊ စုံဝဏ္ဏာမြိုင်ရပ်ကွက်ရှိ မြိုင်ကြီးငူအခြေခံပညာအထက်တန်းကျောင်းရှိ RC တစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် စုံနံ့သာမြိုင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ခန်းမဆောင်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုပါကျောင်းဆောင်သစ်၊ ဝန်ထမ်းအိမ်ရာနှင့် ခန်းမဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မြိုင်ကြီးငူဒေသရှိ ကျောင်းဆောင်သစ်၊ ဝန်ထမ်းအိမ်ရာနှင့် ခန်းမဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲကို စုံနံ့သာမြိုင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ ပညာရေးဌာနသို့အဆောက်အအုံမှတ်တမ်းများကို လွှဲပြောင်းပေးအပ်ပြီး လှိုင်းဘွဲ့မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ကြွရောက်ချီးမြှင့်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့်ကျောင်းဆောင်သစ်သုံးဆောင်၊ ဝန်ထမ်းအိမ်ရာတစ်လုံးနှင့် ခန်းမဆောင်သစ်တစ်ဆောင်တို့မှာ စုစုပေါင်းငွေကျပ် ၂၀၁၇၀၈၁၅၀၀ ခန့်တန်ဖိုးရှိပြီး မြိုင်ကြီးငူဒေသတွင် အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်းရှိကာ ဖာပွန်မြို့နယ်မှ ယာယီပြောင်းရွှေ့ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအပါအဝင် ကျောင်းသားဦးရေ ၅၉၇၀ ရှိကြောင်း သိရသည်။



ဆက်လက်၍ မြိုင်ကြီးငူဒေသသို့ ယာယီပြောင်းရွှေ့ပညာသင်ကြားလျက်ရှိသော ဖာပွန်မြို့နယ်မှ ကျောင်းသား ကျောင်းသူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့က ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ထောက်ပံ့ငွေများ ပေးအပ်သည့်အခမ်းအနားကို မြိုင်ကြီးငူအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ မြိုင်ကြီးငူဒေသသို့ ယာယီပြောင်းရွှေ့ ပညာသင်ကြားလျက်ရှိသော ဖာပွန်မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၂၇၉ ဦး အတွက် ကျောင်းဝတ်စုံ ၂၈၀၊ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၈၀ နှင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ငွေကျပ် ၉၀၃၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသေဆုံးမှု လျော့နည်းကျဆင်းရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်

အုတ်ဖို ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသေဆုံးမှု လျော့နည်းကျဆင်းရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုးသက်ဝင်း၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများပူးပေါင်းပါဝင်ပြီး အခြေခံပညာကျောင်းများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်သူ (ပြန်/ဆက်)

# မွန်ပြည်နယ်အစိုးရအဖွဲ့ နေရပ်ပြန်ရန်ခက်ခဲသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

သထုံ ဇွန် ၂၀

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သထုံ)တွင် ပညာသင်ကြားနေကြပြီး အကြောင်းအမျိုးမျိုးကြောင့် မိမိတို့နေရပ်သို့ပြန်ရန်ခက်ခဲနေကြသည့် ကျောင်းသား ကျောင်းသူများအား ၂၀၂၄ ခုနှစ်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့သည့် ပညာသင်စရိတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခန့်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပ




ရာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က နေရပ်ပြန်ရန်ခက်ခဲသည့် ပဲခူးတိုင်းဒေသကြီး အတွင်းမှ ကျောင်းသား တစ်ဦးနှင့် ရခိုင်ပြည်နယ်အတွင်းမှ ကျောင်းသား ကျောင်းသူ ၃၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က စီမံထောက်ပံ့သည့် စုစုပေါင်း ငွေကျပ် ၁၀၈၄၈၀၀၀ ကို ပေးအပ်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သထုံ) ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ထွေးနှင့် ကျောင်းသား ကျောင်းသူတို့က လက်ခံရယူသည်။

ခရိုင်(ပြန်/ဆက်)

❖

# ပန်းတနော်မြို့ လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှုနှုန်းမြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

ပန်းတနော် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး စာဖတ်ရှုနှုန်းမြှင့်တင်ရေးတို့အတွက် လူငယ်စကားဝိုင်းနှင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးကိုကိုမောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းချစ်က အားကစားနှင့်ပတ်သက်သည့် ကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အထက (၂)မှ ကျောင်းသား ကျောင်းသူများက လူငယ်စကားဝိုင်းခေါင်းစဉ်အောက်ရှိ လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ် ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသူများအား တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

☆ မြန်မာ ယူ – ၁၉ မှ

ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ ယူ–၁၉ အသင်းသည် ဇွန် ၁၅ ရက်က မြန်မာနေရှင်နယ်လိဂ်ကလပ် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ခြေစမ်းကစားရာ လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရထားသည်။ မြန်မာ ယူ–၁၉ အသင်းသည် တရုတ်ခြေစမ်းခရီးစဉ်မတိုင်မီကလည်း ပြည်တွင်းကလပ်များဖြစ်သည့် ဟံသာဝတီ၊ ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းကစားထားသည်။ မြန်မာ ယူ–၁၉ အသင်းသည် တရုတ်ခြေစမ်းခရီးစဉ်တွင် တရုတ် ယူ–၁၉ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ–၁၉ လူငယ်လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်နေပြီး ပဏ္ဍာမကစားသမား ၂၉ ဦးဖြင့် စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်သည်။ **သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MFF**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင် အပ်နှင်း



နေပြည်တော် ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**တပ်ဆင်အပ်နှင်း**

ဦးစွာ တိုင်းမှူးက လက်နက်များ တပ်ဆင်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ (၂/ ၂၀၂၄) အစည်းအဝေး ကျင်းပ



နေပြည်တော် ဇွန် ၂၀

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၄) အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန် ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စက်မှုဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်အစည်းအဝေးသည် ရန်ပုံငွေစီမံခန့်ခွဲမှု အဖွဲ့၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း၊ မတ် ၂၀ ရက်တွင် ကျင်းပခဲ့သော MSME လုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အရ ချေးငွေကိစ္စရပ်များတွင် ငွေသားအစား စက်ပစ္စည်းဖြင့် ထုတ်ချေးနိုင်ရေးကိစ္စနှင့် ပတ်သက်ပြီး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးနိုင်ရန် အစည်းအဝေး ခေါ်ယူခြင်းဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ချေးငွေလျှောက်ထားလာသော MSME လုပ်ငန်းရှင်များအနက် သတ်မှတ်ချက်နှင့်ကိုက်ညီသော လုပ်ငန်းရှင်များကို ချေးငွေအမြန်ဆုံး ထုတ်ချေးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဇွန် ၆ ရက်အထိ MSME အေဂျင်စီရုံးခွဲများသို့ လာရောက်လျှောက်ထားသော ချေးငွေအဆိုပြုလွှာ ၅၈ ခုရှိပြီး ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့မှ စိစစ်လျက်ရှိကြောင်း၊ ချေးငွေအဆိုပြုလွှာများအနက် ချေးငွေဆိုင်ရာ လုပ်ငန်းအဖွဲ့မှ စိစစ်ပြီးဖြစ်သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ လုပ်ငန်းရှင် ၁၀ ဦးကို ချေးငွေခွင့်ပြုနိုင်ရေး ကိစ္စနှင့်ပတ်သက်၍ အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးကြရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ချေးငွေဆိုင်ရာကိစ္စရပ်၌ အချို့သောကိစ္စရပ်များအတွက် ငွေသားဖြင့် ချေးပေးခြင်းအစား အခြားလိုအပ်သော စက်ကိရိယာပစ္စည်းများ ထုတ်ချေးနိုင်ရေးနှင့်ပတ်သက်ပြီး ရောင်းချသူသို့ တိုက်ရိုက်ပေးချေသည့်စနစ်၊ KfW ချေးငွေကဲ့သို့ လုပ်ငန်းရှင်၏ ရွေးချယ်မှုဖြင့်ဝယ်ယူသော စက်ပစ္စည်းအပေါ် ဘဏ်မှချေးငွေဖြင့် ပေးချေသောနည်းလမ်းတို့ကို ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌက MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ MSME များလိုအပ်သော ငွေကြေးအရင်းအနှီးများကို လုပ်ထုံးလုပ်နည်းနှင့်အညီ MSME ရန်ပုံငွေမှ ထုတ်ချေးနိုင်ရန်အတွက် ဆောင်ရွက်ရန်နှင့် MSME အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ ပူးပေါင်း၍ MSME ချေးငွေများ မြန်ဆန်မှန်ကန်စွာ စိစစ်ထုတ်ချေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

သတင်းစဉ်

# ပင်လောင်းမြို့နယ် ရင်းမှီးရပ်ကွက်ရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများ မူလနေရပ်သို့ ပြောင်းရွှေ့ထွက်ခွာ



နေပြည်တော် ဇွန် ၂၀

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်လောင်းမြို့နယ် ရင်းမှီးရပ်ကွက် မြသိန်းတန်ဘုန်းကြီးကျောင်း(စာသင်တိုက်) ယာယီတိုက်ပွဲရှောင်စခန်းရှိ အိမ်ထောင်စု ၂၉ စု၊ လူဦးရေ ၈၅ ဦးတို့သည် ၎င်းတို့မူလနေရပ်သို့ ဇွန် ၁၃ ရက်တွင် ၎င်းတို့အစီအစဉ်ဖြင့် အသီးသီး ပြောင်းရွှေ့ထွက်ခွာသွား၍ အဆိုပါယာယီတိုက်ပွဲရှောင်စခန်းအား ပိတ်သိမ်းခဲ့ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **မောင်ဇော်**

# မရမ်းကုန်းမြို့နယ်၌ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၀

အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ ဓာတ်အားလိုင်းအပြစ်ဖြစ်ပွားမှု လျော့နည်းစေရေးတို့အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့်အန္တရာယ်ရှိသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းများစစ်ဆေးပြုပြင်ခြင်း၊ ထရန်စဖော်မာများ ဝန်အားတိုင်းတာစစ်ဆေး ပြုပြင်ထိန်းသိမ်းခြင်းစသည့်လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၆၆ ကေဗွီဘုရင့်နောင် စိန်ပန်းမြိုင် ဓာတ်အားလိုင်းတစ်လျှောက်၊ လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်ရှိ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းတစ်လျှောက်တို့တွင် ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဆောင်ရွက်ကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင် လျှပ်စစ် မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ ယင်းခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ စုဖွဲ့ဝန်ထမ်းအင်အား ၆၀၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ ဝန်ထမ်း ၂၀ တို့က Pluck Form Truckနှစ်စီး၊ အမှိုက်သိမ်းယာဉ်နှစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ချစ်ဆောင်(YESC)**



**✻ ကျောဖုံးမှ**

လက်ခံကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၁) ကို ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဖွင့်ပွဲအဖြစ် ဇူလိုင် ၆ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇူလိုင် ၇ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် Dagon Port အသင်း၊ ဇူလိုင် ၈ ရက်တွင် YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဗိုလ်စွဲထား**

MNL အမှတ်ပေးပြိုင်ပွဲကို လာမည့်ရာသီတွင် ၁၅ ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် (၁၄) ကြိမ်တွင် ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းက ငါးကြိမ်စီ၊ ရတနာပုံအသင်းက လေးကြိမ် ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်း ရရှိထားသည့် ချန်ပီယံဆု ငါးကြိမ်ကို နောက်ဆုံး ခြောက်ရာသီအတွင်း ရယူထားနိုင်ခြင်းဖြစ်ပြီး စံချိန်တင်အဖြစ် နောက်ဆုံးလေးရာသီဆက် ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယင်းချန်ပီယံဆုရသည့် ငါးကြိမ်တွင် တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ဖြင့် သုံးကြိမ်၊ နောက်ဆုံးနှစ်ရာသီဆက် ရှုံးပွဲမရှိ စံချိန်များလည်း ပိုင်ဆိုင်ထားသည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - သော်ကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အခြေခံကျန်းမာရေးတက္ကသိုလ်
## မကွေးမြို့
## ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)
## (MCommH)သင်တန်း လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၅)ပညာသင်နှစ်အတွက် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တွင် ဖွင့်လှစ်သင်ကြားမည့် ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) (၁) နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **လိုအပ်သော အရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) (သို့မဟုတ်) ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA) (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး) (CHA) သင်တန်း တက်ရောက်အောင်မြင်ပြီး B.Sc / B.A ဘွဲ့ရရှိသူဖြစ်ရမည်။

(ဂ) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) ရရှိသူသည် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA) (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး)(CHA)သင်တန်းဆင်းပြီး B.Sc / B.A ဘွဲ့ရရှိသူသည် လျှောက်လွှာပိတ်သည့်ရက်တွင် ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA)(သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး) (CHA) သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၃)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(စ) ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၃-၈-၂၀၂၄)ရက် (သောကြာနေ့)ဖြစ်သည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။
သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ကြိုတင်မိတ္တူ (၁)စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၌ **(၄-၁၀-၂၀၂၄)ရက် (သောကြာနေ့)**တွင် ကျင်းပမည်ဖြစ်သည်။

၇။ ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ မြန်မာ့စီးပွားရေးဘဏ်(မကွေး)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်၊ MD-(011088)သို့ ပေးသွင်းရမည်။
(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် (မကွေး)တွင် ဖွင့်လှစ်ထားသည့် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ငွေစာရင်းအမှတ် MD-(011088) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၉။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန် သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ Website: www.uch.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်)အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ဖုန်းနံပါတ် ၀၉-၉၆၂၀၂၉၂၃၅၊ ၀၉-၂၅၆၁၄၄၃၈၆ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အခြေခံကျန်းမာရေးတက္ကသိုလ်**
**မကွေး**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးနန်ခန့်ထန် [၁၃/ကလန (နိုင်) ၀၈၁၃၁၁]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-
**ဖုန်း-၀၉-၄၂၉၉၇၄၂၂၀**

### ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒေါပုံမြို့နယ်၊ အထက-၁၊ Graed-11 မှ မဆုပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်သန်း [၁၂/မကတ(နိုင်)၀၄၆၁၉၂] ဖြစ်ပါကြောင်း။
**ဦးမြင့်သန်း**

### ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပုတ်သင်ညိုကျေးရွာ၊ ကွင်းအမှတ်-၄၊ ကွင်းအမည် တောင်ပတ်အင်း၊ ဦးပိုင်အမှတ်-၁ ဟု ခေါ်တွင်သော ဧရိယာ ၁၆.၆၅ ဧကရှိ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးနေလင်းထွန်း[၁၄/ဖပန(နိုင်)၁၀၁၆၅၁]ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၇ ရက် အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးလှရွှေ** | **ဒေါ်မြသက်ဝင်း** |
| **စဉ်-၈၉၁၂ (၂၁-၃-၂၀၁၃)** | **စဉ်-၁၈၉၉၄ (၂၂-၁၂-၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်း (ပန်းဆိုးတန်းလမ်းထောင့်)၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၁၆၀၂၁၉၁**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၊ မြေကွက်အမှတ်(၁၁၇၆)၊ အနော်ရထာ(၁)လမ်း။ ( အလျား ၄၀ ပေ x အနံ ၆၀ ပေ )ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြင့်မြင့်ခိုင် အမည်ပေါက်မှတ်သားထားပြီး ယခုရောင်းချသူ ဦးလင်းချမ်း[၅/တမန(နိုင်)၀၆၆၀၄၅]မှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နန်းထွေးမြင့် [၃/ကကရ (နိုင်) ၀၉၃၀၅၆]မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးမျိုးသန့်(ခ)ဦးမောင်ကြီး** | **ဒေါ်တင်မိုးခိုင်** | **ဒေါ်ခင်စန္ဒာထွန်း** |
| **LL.B (စဉ်-၁၀၅၇၇)** | **LL.B(စဉ်-၄၂၁၆၉)** | **LL.B (စဉ်-၅၁၃၆၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉- ၇၉၅၃၈၆၄၄၇**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၅-ရပ်ကွက်၊ ကာဘိုးလမ်း၊ အမှတ် (၂၈၂)၊ (၄၁ပေ×၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို ဦးသောင်းထွန်း (၁၄/ဟသတ(နိုင်) ၀၅၈၄၄၆)က ကွယ်လွန်သူဇနီး ဒေါ်မြမြစန်း (၁၄/ဟသတ(နိုင်) ၀၅၈၄၄၅)အမည်ပေါက် ပိုင်ဆိုင်ခဲ့ကြောင်း မိမိမှတရားဝင်ဆက်ခံပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံ၍ ၄င်းမြေကွက်အနက်မှ (၂၀ပေ×၆၀ပေ)အကျယ်အဝန်းရှိမြေကွက်ကို ကျွန်ုပ်၏ မိတ်ဆွေ ဦးပြည့်ငြိမ်းသူ(၁၂/ကမတ(နိုင်)၀၆၁၃၃၀)က ဝယ်ယူရန်ရောင်းဖိုး စရံငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ မြေကွက် အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဦး(LL.B)**၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၅၄)
အမှတ် - ၃၈၈/၃၉၈၊ ၄-လွှာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၅၀၀၂၄၂၄၃၊ ၀၉၇၉၅၃၂၈၃၃၆

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၉၄၇/က၊ ဧရိယာ(၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်(၉၄၇/က)၊ ဓမ္မာရုံလမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်ခင်ငြိမ်း [၁၂/သကတ (နိုင်) ၀၆၈၉၄၆] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ခင်ခင်ငြိမ်း [၁၂/သကတ(နိုင်)၀၆၈၉၄၆](မိခင်)နှင့် ဦးပွင့်သစ်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်သစ်သစ်ဦး [၁၂/သကတ(နိုင်)၀၀၀၇၀၀]၊ ဦးနိုင်လင်းကျော် [၁၂/သကတ(နိုင်)၀၀၀၇၀၁]၊ ဦးပွင့်မောင်မောင်ငြိမ်း [၁၂/သကတ(နိုင်)၁၂၆၁၂၃] တို့မှ ကွယ်လွန်သူမိဘများတွင် မိမိတို့မောင်နှမ (၃)ဦးမှအပ အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိတို့၏ မိဘနှစ်ပါးတွင် ကိတ္တိမသားသမီး မွေးစားထားခြင်းမရှိပါကြောင်း၊ မိဘများကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့မောင်နှမ (၃)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ဦးပွင့်သစ်(ဖခင်)၊ ဒေါ်ခင်ခင်ငြိမ်း(မိခင်)တို့၏ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင်္ချာ100 တို့ပေါ်ထွန်းရာ၊ Top Ten တွေရဲ့ရွေးချယ်ရာ၊ လူရည်ချွန်တို့ ဆုံစည်းရာ၊ All D အင်အား စုရုံးရာ...
ဆရာ ဦးမောင်မောင်တီ သင်္ချာ
B.Sc. (Applied Maths); B.A. (History)
တက္ကသိုလ်ဝင်တန်း(GRADE-12)
တန်းခွဲအသစ် ၆-၇-၂၀၂၄ စမည်။
၂၀၂၃နှင့် ၂၀၂၄ ခုနှစ်(၂)နှစ်တာ...လူရည်ချွန်တာပည့်ရင်း(၅)ဦး၏ ဂုဏ်ရှိန်ထယ်ဝါ ပုံရိပ်လွှာ

မောင်ဉာဏ်လင်းထူး
မခင်သီရိနိုင်
မချုန်မြတ်နိုး
မသန့်ရတီအောင်
မောင်ထက်မြက်အောင်
GRADE 9,GRADE 10,GRADE 11,GRADE 12 (တက္ကသိုလ်ဝင်တန်း) သင်္ချာ အထူးသင်တန်း
သင်္ချာနှင့်ပတ်သက်၍...စုံစမ်းပါ...မေးမြန်းပါ...။ ယုံကြည်အားထားလောက်မှ တက်လှမ်းခဲ့ပါ...။
၂၈၄၊ ဗညားဒလလမ်းမကြီး၊ မင်္ဂလာရပ်ရှင်ရုံရှေ့၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း-095186637

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၂၂၇)၊ ဦးတင်ငွေ[၁၂/ဗတထ(နိုင်)၀၁၄၁၀၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ မြေအကျယ်အဝန်း(ပေ၄၀xပေ၆၀)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်လိပ်စာအမှတ်(၄၉)၊ သုခမိန်လမ်း၊ ၁၈/E-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အိမ်နှင့်မြေကွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်မည်ပါ အိမ်နှင့်မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ (၁)ဦးအောင်အောင်ထွေး[၁၂/ဒဂတ(နိုင်)၀၄၆၃၄၂]၊ (၂) ဒေါ်နိုင်နိုင်အေး[၇/တငန(နိုင်)၀၆၀၆၂၃]၊ (၃)မောင်ဇွဲဉာဏ်လင်း တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းညွှန့်(LL.B)** | **ဦးနိုင်ထွဋ်လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)** |

**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၂) ရပ်ကွက်၊ ကျောက်စိမ်းလမ်းသွယ်(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂)၊ မြေကွက်အမှတ် (၄၉၆)၊ အကျယ်အဝန်း(၆၀'×၈၀')အကျယ်ရှိ ဗိုလ်မှူးမျိုးမြင့်သန်း (MGN-၁၅၇၇၇၄) (၁၂/ဒဂန(နိုင်) ၀၁၂၉၉) အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးလျှိုအန်ကျောင်း (၁၃/မဆတ(နိုင်)၀၂၈၉၈၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နှင်းနုလွင်**

| | |
|---|---|
| (LL.B, D.B.L, D.I.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၂) ရပ်ကွက်၊ ကျောက်စိမ်းလမ်းသွယ်(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂)၊ မြေကွက်အမှတ် (၄၉၅)၊ အကျယ်အဝန်း(၆၀'×၈၀')အကျယ်ရှိ ဗိုလ်မှူးကျော်ညွှန့်ဦး (AKB-၁၉၁၈၄၅) (၇/ပတန(နိုင်) ၀၉၃၅၅၀) အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးလျှိုအန်ကျောင်း (၁၃/မဆတ(နိုင်)၀၂၈၉၈၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နှင်းနုလွင်**

| | |
|---|---|
| (LL.B, D.B.L, D.I.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၃)လမ်း၊ အမှတ်-၂၅၉၊ (၂၅ပေx၅၀ပေ)အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂ ခန်းတွဲ၊ (၆)ထပ် အဆောက်အဦ၏ ဒုတိယထပ်၊ ၃ လွှာ၊ (၁၂.၆ ပေ x ၅၀ ပေ)ရှိ ခေါင်းရင်းခြမ်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်ခိုင်ခိုင်မော် [၁၁/တကန(နိုင်)၀၅၇၃၈၄]ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်အေး [၁၁/စတန(နိုင်)၀၀၂၆၇၅]ကိုင်ဆောင်သူက လက်ရောက်အပြီးအပိုင်ဝယ်ယူရန် သဘောတူ လက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၁)ရပ်ကွက်၊ မြေကွက်အမှတ်(၇၀၁)၏ မြေအကျယ်အဝန်း(၄၀x ၆၀) ပေရှိ ဦးသိန်းနိုင်[၁၂/ဥကတ(နိုင်)၀၆၅၆၅၂]အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးခင်မောင်လတ်[၆/တဝန(နိုင်)၀၃၉၀၉၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ၀နရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်-၂၉၆ ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃-လွှာ)၊ တိုက်အမှတ် (၃၁) အခန်းအမှတ်(3/B )၊ အကျယ် (၁၂' x ၄၈')ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂၂-၁၂-၂၀၁၃)ရက်စွဲပါ "(၂)ခန်းတွဲ(၆)ထပ်တိုက်သစ်ဆောက်လုပ်ရန် အတွက် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ် "အရ မြေရှင် ဒေါ်ကြွေ [၁၂/သဃက (နိုင်)၁၀၂၉၉၈]ခွဲဝေအကျိုးခံစားခွင့်ရရှိသော တိုက်ခန်းဖြစ်ပြီး ၎င်းထံမှ (၁၀ -၁ -၂၀၂၃)ရက်စွဲပါ " နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအ၀ယ်ကတိစာချုပ်" ဖြင့် ၀ယ်ယူထားရှိသူ ဒေါ်ဖြူဖြူ [၁၂/သဃက(နိုင်)၀၅၃၅၄၅ ]မှ မိမိ တစ်ဦးတည်း လက်၀ယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ၀ယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအ၀ယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအေးမင်းဇော်** — **တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၅ )**
**ဦးကျော်မင်းနိုင်** — **တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၃ )**

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊ မြေကွက် အမှတ်- ၃၈၂/က၊ ဧရိယာ (၀.၀၂၇၅)ဧက၊ အကျယ် (၂၀' x ၆၀')၊ မြေအမျိုးအစား- နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၃၈၂/က)၊ ရာဇဓိရာဇ်လမ်း၊ ၁၄ - ရပ်ကွက်(ရွှေပေါက်ကံ)၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဒေါ်စိုးသန်း [၁၂/မရက(နိုင်)၀၅၃၁၄၄]က မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထား သော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက် အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအေးမင်းဇော်** — **တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၅ )**
**ဦးကျော်မင်းနိုင်** — **တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၃ )**

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၁၊ မြေကွက်အမှတ်- ၁၁၆၂၊ ဧရိယာ (၀.၀၅၅ )ဧက၊ အကျယ် ( ၄၀' x ၆၀' )၊ မြေအမျိုးအစား- နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၁၆၂)၊ မဥ္ဇူသကလမ်း၊ ၄၁ - ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဦးအောင်ကိုကို [၁၂/ရကန(နိုင်)၀၆၇၈၉၆]က မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ( ၇ )ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအေးမင်းဇော်** — **တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၅ )**
**ဦးကျော်မင်းနိုင်** — **တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၃ )**

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ အဆင့်(၁)၊ မြေကွက်အမှတ်(၁၈၀၆)ရှိ(အလျားxအနံ)(၄၀ပေx၆၀ပေ)ရှိ ဦးလှဦး အမည်ပေါက် ဒေါ်စိုးစိုးဦး[၁၂ /မဂတ(နိုင်)၀၃၄၁၄၉ ]ပိုင်ဆိုင်သည့် နေအိမ်နှင့် ခြံမြေကွက်ကို ၎င်းမှရောင်းချမည်ဆိုသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်းအမှတ်(၁၀၃)နေ ကျွန်ုပ်၏ အသိမိတ်ဆွေ ဒေါ်စန္ဒာဝင်း [၁၂/ရကန(နိုင်)၀၁၀၉၃၂]မှ(၁၉-၆-၂၀၂၄)ရက်နေ့ တွင် စရန်ငွေတချို့ ပေးချေခဲ့ပါသည်။ ကျွန်ုပ်၏အသိမိတ်ဆွေမှ ဒေါ်စိုးစိုးဦးအား အထက်တွင်ဖော်ပြသော အိမ်ခြံမြေကွက်နှင့် ပတ်သက်၍ စရန်ငွေပေးချေပြီးဖြစ်၍ အပြီးသတ် ရောင်းဖိုးငွေများကို စရန်ငွေပေးချေသည်နေ့မှ(၁၀)ရက်အတွင်း ထပ်မံပေးချေ၍ အပြီးသတ်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်သော အိမ်ခြံမြေ ကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍(၁)ပတ်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်နေခြည်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၇၀) (၂၃-၁၂-၂၀၁၄)**
**အမှတ်(၄၅၂)၊ ကံဦးကျောင်းလမ်း၊ ဘုရားကုန်း၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၂၆၉၂၁၅၂**

## "ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေစေတီဘုရားလမ်း၊ ကုန်းတလပေါင်စံပြကျေးရွာ၊ မြေကွက်အမှတ်(၁၀၁)၊ အိမ်အမှတ်(တ/၂) နေ ဒေါ်မဥ္ဇူထိုက်(ဘ)ဦးသန်းထိုက် မှတ်ပုံတင်အမှတ်[၉/အမဇ(နိုင်) ၀၃၀၈၀၄]ကိုင်ဆောင်သူမှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ ဒေါ်မဥ္ဇူထိုက်နှင့် ဦးအောင်စစ်ထွေး(ဘ)ဦးမောင် မောင်အေး မှတ်ပုံတင်အမှတ်[၁၂/မဘန(နိုင်)၀၉၃၄၈၃]ကိုင်ဆောင်သူ တို့သည် (၁၁-၁၁-၂၀၁၄)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်လာခဲ့ရာ သမီး(၂)ဦးထွန်းကားခဲ့ပါသည်။ (၆-၁-၂၀၂၃)ရက်နေ့တွင် တစ်ဦးနှင့် တစ်ဦးစိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက် ပေါင်းသင်းလိုခြင်းမရှိတော့သဖြင့် မင်္ဂလာဒုံခရိုင်တရားရုံးတော်၌ မှတ်ပုံတင် အမှတ်-(၂/၂၀၂၃)ဖြင့် နှစ်ဦးသဘောတူတရားဝင်ကွာရှင်း ပြတ်စဲခြင်း လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့နှစ်ဦးသဘောတူ ကွာရှင်းသည့် အချိန်မှစ၍ ဦးအောင်စစ်ထွေးနှင့် ဒေါ်မဥ္ဇူထိုက်တို့သည် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝဟူ သမျှတို့တွင် မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)**
**ဒေါ်ယွန်းမြတ်သွယ် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၇၈၁)**

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇ သမိုင်း၊ မြေကွက် အမှတ်- ၂/က-၆/၁-A၊ ဧရိယာ (၀. ၁၆၁) ဧက၊ မြေကွက်တည်နေရာအမှတ်-၅/၆၊ သံလွင်သစ်ခွဥယျာဉ်လမ်း၊ ကုန်းမြင့်ရိပ်သာ၊ (၇) မိုင်၊ (၆) ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ဒေါ်တင်လှသိန်း(ခ)မစ္စတင်ထွန်း အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေ သတ်မှတ်) မြေအား အမည်ပေါက် မိခင်ဖြစ်သူ ဒေါ်တင်လှသိန်း (ခ) မစ္စတင်ထွန်း သည် (၂၉-၇-၂၀၂၃) ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးတင်ထွန်းသည် (၁၄- ၉- ၂၀၀၃) ရက်နေ့တွင်လည်းကောင်း၊ မောင်အရင်းဖြစ်သူ ဦးဆက်ထွန်း သည် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် (၉-၅-၂၀၁၉) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်မီမီတင်ထွန်း [၁၂/ဒဂန(နိုင်)၀၃၁၂၇၀] မှ သမီး အရင်းတော်စပ်ကြောင်း၊ မိမိတို့ မောင်နှမ (၂) ဦးကိုသာ မွေးဖွားခဲ့ကြောင်း မိခင် ဖြစ်သူနှင့် မောင်ဖြစ်သူတို့သည် ခရစ်ယာန်ဘာသာကိုးကွယ်သူ တစ်ဦးဖြစ်ပြီး သေတမ်းစာရေးသားခဲ့ခြင်းမရှိပါကြောင်း၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မိမိတစ်ဦးတည်းကသာ မြန်မာလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတစ်ဦး တည်းမှလွဲ၍ အခြားသော အမွေဆက်ခံမည်သူတစ်ဦးတစ်ယောက်မျှမရှိပါ ကြောင်းနှင့် မိမိတစ်ဦးတည်းကသာလျှင် သမီးအရင်းဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာအမှတ်-၁၂၁၄/၂၀-၂-၂၀၂၄၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ် ရေးကတ် တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ ဆည်မြောင်းလမ်း၊ မြေကွက်အမှတ်-၆၇၄၊ ဦးစိုးမြင့် ( ISN - ၅၁၀၇၂၆၊ ၁၂/မရက (နိုင်) ၀၁၄၄၄၀) အမည်ပေါက် နှစ် (၆၀) ဂရန်မြေ၊ ဧရိယာ (အလျား ၄၁ ပေ x အနံ ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုစာချုပ်စာတမ်းအဆက်စပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးအလီမွှာ** (ဘ) ဦးဝင်းမောင် (၅/ဘတလ (နိုင်) ၁၁၃၂၃၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ များဖြစ်ကြသော **ဒေါ်နွယ်နွယ်ဝင်း** (ဘ) ဦးချစ်ဝင်း (၁၂/မဂဒ (နိုင်) ၁၁၅၅၈၀) နှင့် **ဒေါ်ဇာလင်းချို** (ဘ) ဦးအာသာ (၁၂/အစန (နိုင်) ၁၈၆၅၀၈) တို့က တရားဝင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမိုးဇော်ဦး(LL.B)** — (စဉ်-၈၉၈၅/၁၃) — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်နန်းအေးသစ်သစ်ဟန် (LL.B)** — (စဉ်-၅၅၇၁၉/၂၃) — **အထက်တန်းရှေ့နေ**

အမှတ်-၁၂၂၊ ပ-ထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၈၆၀၂၆၄၆၊ ၀၉-၂၆၄၂၀၁၂၁၂၊ ၀၉-၇၃၀၇၁၄၄၇

## "စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်း အသိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ အမှတ်(စီ/၃၀၃)၊ ၄ လွှာတွင် တည်ရှိသော 7 MIA COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၃၅၂၆၅၆၂၄)သည် အောက်တွင် ဖော်ပြထားသော အဆင်ဒီဇိုင်းများအား မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မူပိုင်ခွင့်ဦးစီးဌာနတွင် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေဖြင့် လျှောက်ထားခဲ့ပြီး လျှောက်ထားချက်များ အားလက်ခံထားသည့် အောက်ပါလျှောက်လွှာနံပါတ်များ ရရှိပြီးဖြစ်ပါသည်-



**လျှောက်လွှာအမှတ်- D/2024/000035**



**လျှောက်လွှာအမှတ်- D/2024/000036**

အထက်ဖော်ပြပါ အထည်အလိပ်အဆင်ဒီဇိုင်းများကို ကိုယ်တိုင်ဖန်တီးရေးဆွဲ၍ စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခဲ့ပြီးဌာနမှ လျှောက်လွှာလက်ခံသည့်နေ့ရက်မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်း လုံးတွင် လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချကာ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အဆင်ဒီဇိုင်းများအား အဆင်ဒီဇိုင်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ် ပါသည်။ အကယ်၍ သတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေ များနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် ဒီဇိုင်းအဆင် များကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**7 MIA COMPANY LIMITED ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ခိုင်ဆုဝေ** | **ဒေါ်စုထွေးလတ်** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **(LL.B)** | **( LL.B, LL.M,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် - ၁၄၅၃၇)** | **(စဉ် -၅၂၀၆၅)** | **(စဉ် - ၅၂၈၉၆ )** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းနှင့် မနော်ဟရီလမ်းထောင့်၊ Grand Golden View Tower၊ တာဝါ ( A )၊ (၁၁)ထပ်တိုက်အဆောက်အဦ (Level-3)ရှိ အကျယ်အဝန်း မျက်မြင်အခြေအနေအတိုင်းရှိသော အခန်းအမှတ်(3 A-1)၊ ၃-လွှာဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုလေး [၁၂/လမန(နိုင်)၀၂၀၃၅၅]က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၂၊ ဗိုလ်အောင်ကျော်(၂)လမ်း၊ မြေကွက်အမှတ်-(၈၂၆)၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးလှဝင်း အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေအမျိုးအစားမြေကွက်ဖြစ်ပါသည်။ ထိုမြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော [မြေကွက်အမှတ်(၈၂၇)နှင့် ကပ်လျက်ခြမ်း]၊ (လမ်းမှ ရပ်၍ မြေကွက်ဘက်သို့မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း) အကျယ်အဝန်း(အလျား ၂၀ပေx အနံ ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ထံမှ အဆက်အစပ်အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူထားပြီး လက်ရှိတရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်စန္ဒာဝင်း [၁၂/ရကန(နိုင်)၀၆၃၃၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွမ်းယန်း [၁၃/ကခန(နိုင်)၀၃၀၀၈၇] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများထဲမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လွမ်းယန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်မြတ်ခိုင်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၉၁)**
**အမှတ်(၄)၊ အောင်ဇေယျ (၇)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၂၅၈၉၈၇၇၅၆၊ ၀၉-၂၅၅၇၃၀၉၀၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ (၂၅-၃-၁၉၉၁)ရက်စွဲပါ စာအုပ်အမှတ်(၀၁၀)၊ ပြေစာနံပါတ် (၀၉၆၂)၊ ဦးထိန်လင်း (HGU-၀၀၈၄၂၆) အမည်ဖြင့်နေရာချထားပေးသော သာသနာ့ရိပ်သာရပ်ကွက်(၁/န)၊ (မေဃဝတီ-၁၀)လမ်း၊ မြေကွက်ကြီးအမှတ် (၁/န)၊ အိမ်ရာကွက်ငယ်အမှတ် (၆၀၅)၊ ဧရိယာ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်(၃)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ခင်အေးသိန်း [၁၄/ဟသတ(နိုင်)၀၄၄၁၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်လေးချို [၁၂/ဗတထ(နိုင်)၀၁၄၃၈၃] က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်၊ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လေးချို၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၄)**
**အမှတ် (၁/ရ-၁၂၃)၊ (၁/ရ-၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း-၀၉-၄၂၀၃၀၆၈၇၊ ၀၉-၇၉၅၄၈၅၄၃၈**

## "ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၅၄၀/၁၆)၊ (၂)ခန်းတွဲ၊ (၃ထပ်ခွဲ)တိုက်၏ ဒုတိယလွှာ(အပြင်မှကြည့်လျှင်(၄)ထပ်)၊ခြေရင်းခြမ်း၊ (၁၁x၅၀)ပေအကျယ်ရှိ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း"

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန်ထရိုက်တာ ဦးခင်မောင်ဌေးထံမှ (၁၂-၁၂-၂၀၁၅)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ယခုရောင်းချသူ၏ ခင်ပွန်းဖြစ်သူ ဦးသိန်းဆွေ[၁၂/ထတပ(နိုင်)၀၂၇၇၀၅]အမည်ဖြင့် ဝယ်ယူထားသော တိုက်ခန်းဖြစ်ပြီး ခင်ပွန်းဖြစ်သူ ဦးသိန်းဆွေသည် (၁၉-၁၀-၂၀၁၇)ရက်နေ့တွင် ကွယ်လွန်သွားပြီးဖြစ်သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်မှာ ဇနီးဖြစ်သူ ဒေါ်အေးသောင်း [၁၂/ထတပ(နိုင်)၀၂၈၀၉၉]မှ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်လာခဲ့ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းစွာဖြင့် စိတ်တိုင်းကျ စီမံခန့်ခွဲရောင်းချပိုင်ခွင့် ရှိပါသည်ဟု ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးအောင် [၁၂/ရပသ(နိုင်)၀၅၆၄၄၀]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်းမင်းနောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၃၁၂ )**
**အမှတ်(H/၉၅)၊ ဈေးကုန်းရှေ့၊ အင်းစိန်။ ဖုန်း-၀၉-၄၃၁၀၇၇၈၆**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၂)အနောက်လမ်း၊ အမှတ်(၂၆၅ က+ခ) (အလျား ၄၀'x အနံ ၆၀')ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(ခြေရင်းဘက်ခြမ်း) တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းချသူ Dr. ခင်စည်သူ [၂/လကန(နိုင်) ၀၀၉၀၄၈]မှ အစပ်ဆက်စာချုပ်များအရ မိမိမှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ (၁) ဒေါ်မခင်ရီ [၁၁/မဥန(နိုင်)၀၀၆၀၇၇]၊ (၂) ဦးဟိန်းစိုးရွှေ [၁၁/မဥန(နိုင်)၀၇၀၆၄၉]တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မခင်ရီနှင့် ဦးဟိန်းစိုးရွှေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးသီတာကျော် LL.B, D.I.L.**
**အထက်တန်းရှေ့နေ(စဉ်- ၅၁၈၅၉)**
**အမှတ် (၂၂၄)၊ (၁၃)လမ်းထိပ်၊ ယမုံနာ (၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၂၅၃၅၁၁၇၂၉**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၄၂၉/ခ)၊ ၁/ထူပါရုံရပ်ကွက်၊ ဆေးရုံလမ်းဟုခေါ်တွင်သော (အလျား ၂၀x အနံ ၆၀)ပေ မြေကွက်ပေါ်ရှိ RC (၆)ထပ်တိုက်၏ ပဉ္စမထပ်(၆)လွှာ (အလျား ၁၈'x အနံ ၅၄') တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းချသူ (၁)ဦးသောင်းဟန် [၁၃/တကန(နိုင်)၀၉၀၂၀၆]၊ (၂) ဒေါ်စိုးအိအိစံ [၁၄/ငရက(နိုင်)၀၀၁၀၁၃]တို့မှ အစပ်ဆက်စာချုပ်များအရ မိမိတို့မှတရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေ ဦးရဲမင်းမြတ် [၁၂/သကတ(နိုင်)၁၇၈၆၅၉]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမင်းမြတ်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးသီတာကျော် LL.B.,D.I.L.**
**အထက်တန်းရှေ့နေ(စဉ် - ၅၁၈၅၉)**
**အမှတ် (၂၂၄)၊ (၁၃)လမ်းထိပ်၊ ယမုံနာ (၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၂၅၃၅၁၁၇၂၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ် (၄၄)၊ အခန်းအမှတ် (၁၀၂)၊ ပထမထပ်၊ တိုက်အမျိုးအစား (၄)ခန်းတွဲ၊ (၅)ထပ်၊ ကြမ်းခင်းဧရိယာ (၇၄၀)စတုရန်းပေရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရှိ စုပေါင်းပိုင် အဆောက်အအုံပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်အမှတ် (HD- ၃၆၃၅)တွင် ဦးအောင်ဇော်လတ်[၁၃/လလန(နိုင်)၀၂၁၄၂၃] အမည်ဖြင့်မှတ်သားတည်ရှိသည့် တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း နှင့် ထိစပ်တွယ်ကပ်လျက် ရှိသော ရေ/မီး အပြည့်အစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်ပေရယ်ဟာန် [၁၄/ဓနဖ(နိုင်)၁၃၄၂၆၉] မှ အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့်** တရားဝင် လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် **အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်စကားကမ်းလှမ်းရာ** ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူသဲစိုး [၁၂/ဒဂတ(နိုင်)၀၀၆၇၈၃]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးချမ်းမွန် (LL.B) (စဉ်-၁၆၄၄၇) တရားလွှတ်တော်ရှေ့နေ**
**အခန်း (၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၀၂၅၈၉၈၂၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀) မရမ်းကုန်းခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၁

| | | |
|---|---|---|
| ဦးနီထွန်းဦး | နှင့် | ဦးစံလှဦး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ်-(၃၄၈)နေ တရားပြိုင် ဦးစံလှဦး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြေကွက်အရောင်းအဝယ် ပဋိညာဉ်စာချုပ်ပါအတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ဇူလိုင်လ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်သီတာစန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊ ကံဘဲ့တာဝါ၊ တိုက်အမှတ်(E)၊ အလွှာ (၀၇)၊ အခန်းအမှတ်(၀၁)၊ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်သူ မမေချင် [၁၃/ဟပတ(နိုင်)၀၂၄၆၁၀]မှ ရောင်းချလိုကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းလင်းထက် [၁၂/အလန(နိုင်)၀၄၂၆၁၃]၊ မထူးသဥ္ဇာစိုး [၉/မထလ(နိုင်)၂၃၆၅၈၆]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချခြင်းအပေါ် ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာမှတ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ရက်သတ္တပတ် (၇)ရက်ကျော်သည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးသူ(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၂၅၀)**
**အမှတ်- ၇၃၁၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း- ၀၉-၇၈၅၀၉၆၄၃၅**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် (၁၄၀)ရပ်ကွက်၊ အဝေရာလမ်း၊ မြေကွက်အမှတ် (၁၃၃၉/ခ) ဟုခေါ်တွင်သော (အလျား ၂၀ပေx အနံ ၆၀ပေ) ကျယ်ဝန်းသော ဒေါ်သင်းသင်းလှိုင် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသည့် ပျဉ်ခင်း ကျောက်ပြားကာ သွပ်မိုး (၁၀)ပေအိမ်နှစ်လုံး အပါအဝင် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပါမစ်အမည်ပေါက် ဒေါ်သင်းသင်းလှိုင်ထံမှ အဆက်စပ် အရပ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်သွင် [၁၂/ဒဂမ(နိုင်)၀၁၅၆၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူလွင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၂၃)**
**ရုံးခန်းလိပ်စာ - တိုက်အမှတ်(၁၇/၂၁)၊ ၃၅ လမ်းတို၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉-၄၂၀၁၃၂၉၇၈**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၀၀)ဟု ခေါ်တွင်သော (၂)ခန်းတွဲ၊ (၃½)ထပ်တိုက်မှ မြေညီ(ခြေရင်းခန်း)တိုက်ခန်းတစ်ခန်းနှင့် တိုက်တည်ရှိရာ (၂၅- ပေx ၅၀-ပေ) ဂရန်မြေ၏ ခြေရင်းဘက်ခြမ်း၊ (၁၂½-ပေx ၅၀-ပေ)၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်ပူးတွဲပိုင်ရှင်၊ မြေညီတိုက်ခန်းပိုင်ရှင် ဒေါ်သီတာစိုး [၁၂/မရက(နိုင်)၁၄၄၆၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝေ [၁၂/မရက(နိုင်)၀၂၃၅၈၆]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးထားပြီးဖြစ်သဖြင့် ထိုအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်စန်းစန်းဝေထံသို့ဖြစ်စေ အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝေ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးကြူ ( M.A; R-L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၅၄/၁၉၈၀)**
**၂၉၄/က၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၅၀၃၃၄၅၉**

## " ဦးမိုးကျော်သူနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း "

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရာဇမိရာဇ်အိမ်ရာ၊ တိုက်အမှတ် (၂၆၃)၊ ပထမထပ်၊ အခန်းအမှတ် (၁၀၁)နှင့် (၁၀၂)တို့သည် ဦးကိုကိုလေးနှင့် ဒေါ်မြသန်းတို့ လင်မယားနှစ်ဦးအတူ ပိုင်ဆိုင်ကြသည်ဖြစ်ပါသည်။ ဒေါ်မြသန်းသည် (၁၈-၄-၂၀၂၄)ရက်နေ့က ကွယ်လွန်ခဲ့ရာ အဆိုပါအခန်းများသည် ကျန်ရစ်သူခင်ပွန်း ဦးကိုကိုလေးသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်သည်ဖြစ်ပါသည်။ ဦးကိုကိုလေး၊ ဒေါ်မြသန်းတို့၏ သားသမီးများသည် အဆိုပါအခန်းများ၏အမွေဆိုင်များ မဟုတ်ကြပါ။ ဦးမိုးကျော်သူ၏ (၁၇-၆-၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာပါ သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာချက်သည် ဥပဒေနှင့်အညီ ကြေညာသည့်ကြေညာချက် မဟုတ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးကိုကိုလေးသည် အသက်အရွယ်ကြီးရင့်သူဖြစ်သော်လည်း ကြံ့ခိုင်၊ ကျန်းမာစွာဖြင့် မိမိပိုင်အခန်းများတွင် သမီးဖြစ်သူ မသောင်းသောင်းခိုင်နှင့်အတူ စိတ်အေးချမ်းစွာဖြင့် နေထိုင်လျက်ရှိသည်ဖြစ်ပါသည်။ သမီးဖြစ်သူ မသောင်းသောင်းခိုင်သည် မိဘနှင့်အတူ နေထိုင်ကာ မိဘကိုကျွေးမွေးပြုစုစောင့်ရှောက်နေသူဖြစ်ပါသည်။ သို့ပါ၍ အခန်းများ၏ ပိုင်ရှင်ဖြစ်သည့် ဦးကိုကိုလေး၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အဆိုပါအခန်းများကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကိုမပြုကြရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးကိုကိုလေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မေဇွန်ဦး (LL.B)** | **ဦးစိန်လှိုင် B.A (Law), LL.B** | **ဒေါ်ဌေးဌေးအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၈၂၆၁)** | **(စဉ်-၂၃၅၇)** | **(စဉ်-၅၆၃၇၅)** |

**အမှတ်- ၄၆ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၅၁၀၇၇၅၈၊ ၀၉- ၉၈၉၀၂၂၇၄၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်အိမ်ရာ၊ Tower(A)၊ (၁၇)ထပ်၊ အခန်းအမှတ် (A-၁၇၀၄)၊ [ယခင်တိုက်အမှတ် (၇)၊ အခန်းအမှတ် (၁၄)၊ လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့]ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်များကိုဝယ်ယူရန် ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် မူလဦးစီး ဒေါ်ခင်ချစ် အမည်ဖြင့် မှတ်သားတည်ရှိ၍ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းအေး [၁၂/လမတ(နိုင်)၀၂၉၂၁၁]အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လှလှသိန်း [၁၂/လမတ(နိုင်)၀၂၇၈၅၀]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် LL.B** | **ဒေါ်အိဖြိုးဇင် LL.B, DBL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)** |
| **ဖုန်း -၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း- ၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇- လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-တောင်ကြီး
## ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-တောင်ကြီးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ပါဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) **ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ)<br>M.Med.Sc (Anatomy) | ၂ နှစ် |
| ၂။ | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)<br>M.Med.Sc(Physiology) | ၂ နှစ် |
| ၃။ | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)<br>M.Med.Sc (Pharmacology) | ၂ နှစ် |
| ၄။ | ဆေးပညာမဟာသိပ္ပံ<br>(ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ)<br>M.Med.Sc (Clinical Biochemistry) | ၃ နှစ် |
| ၅။ | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ)<br>M.Med.Sc (Anaesthesiology) | ၃ နှစ် |
| ၆။ | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)<br>M.Med.Sc (Internal Medicine) | ၃ နှစ် |
| ၇။ | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)<br>M.Med.Sc (Surgery) | ၃ နှစ် |
| ၈။ | ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့်မီးယပ်ပညာ)<br>M.Med.Sc (Obstetrics & Gynaecology ) | ၃ နှစ် |
| ၉။ | ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ)<br>M.Med.Sc (Paediatrics ) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဘွဲ့ (M.B.,B.S.) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ)၊ ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)၊ ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)၊ ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ) နှင့် ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) သင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်ပါသည်။

(ဃ) ဆေးပညာမဟာသိပ္ပံ(ဆေးပညာ)၊ ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)၊ ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့်မီးယပ်ပညာ)နှင့် ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၃-၈-၂၀၂၄)ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ် - တောင်ကြီး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ (၄-၁၀-၂၀၂၄)ရက် (သောကြာနေ့) ဖြစ်ပါသည်။

၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်) တိတိကို မြန်မာ့စီးပွားရေးဘဏ် တောင်ကြီးတွင် ဖွင့်လှစ်ထားသော ဆေးတက္ကသိုလ်-တောင်ကြီး၏ ငွေစာရင်းအမှတ် MD-၀၁၂၂၃၉ သို့ ပေးသွင်းရမည်။ (မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် တောင်ကြီးတွင် ဆေးတက္ကသိုလ်-တောင်ကြီး၊ ငွေစာရင်းအမှတ် MD-၀၁၂၂၃၉ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရ စာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၀။ လျှောက်လွှာခေါ်ယူမည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-တောင်ကြီး၊ ဖုန်းနံပါတ်-၀၈၁-၂၁၂၄၈၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ သို့မဟုတ် ဆေးတက္ကသိုလ်-တောင်ကြီး Website (www. umtgi. edu.mm)၊ ( www. umtgi . gov. mm ) တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်-တောင်ကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
## ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅ ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာနည်းပညာ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါရဂူသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)<br>Ph.D (Physiotherapy) | ၃-နှစ် |

**ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်ခွဲနည်းပညာ)<br>M.Med.Tech (Medical Laboratory Technology) | ၂-နှစ် |
| (ခ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ<br>(ခန္ဓာသန်စွမ်းမှုနည်းပညာ)<br>M.Med.Tech (Physiotherapy) | ၂-နှစ် |
| (ဂ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ<br>(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)<br>M.Med.Tech(Medical Imaging Technology) | ၂-နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပါရဂူသင်တန်းအတွက် သက်ဆိုင်ရာ ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဂ) ပါရဂူသင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၂)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ ပါရဂူသင်တန်း လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) မဟာသိပ္ပံသင်တန်းအတွက် သက်ဆိုင်ရာဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(င) မဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့အထိ လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(စ) ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံသင်တန်းများ လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) ပါရဂူဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ်နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာ မဟာသိပ္ပံဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်မည့်ရက်မှာ **(၂၃-၈-၂၀၂၄) ရက်၊ (သောကြာနေ့)**ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူ(၁)စောင်ကိုငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်- မန္တလေး ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၆။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။

(၆-က) ပါရဂူသင်တန်း ရေးဖြေစာမေးပွဲကို (၃-၁၀-၂၀၂၄) (ကြာသပတေးနေ့) တွင် စစ်ဆေးပါမည်။

(၆-ခ) မဟာသိပ္ပံသင်တန်း ရေးဖြေစာမေးပွဲကို (၄-၁၀-၂၀၂၄) (သောကြာနေ့) တွင် စစ်ဆေးပါမည်။

၇။ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ်၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်း အမှတ် MD-၀၁၃၀၁၇ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ ။မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)မန္တလေးတွင် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်-မန္တလေး ငွေစာရင်းအမှတ်၊ MD-၀၁၃၀၁၇သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၈။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။

၁၀။ အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၊ ဖုန်းနံပါတ်(၀၂၄၀-၅၈၀၀၃၇၊ ၀၂၄၀-၅၇၀၁၂) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

**ရန်ကုန်တိုင်းဒေသကြီး ၊ ကြည့်မြင်တိုင်မြို့နယ် ၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ဗိုလ်သူရလမ်း ၊ တိုက်အမှတ်-၆၂ ၊ (၅)လွှာ၊ အကျယ်အဝန်း (၂၅ x ၅၀) ပေရှိ လူနေထိုင်ရန်အသင့်ရှိသော BCC ကျပြီး ရေမီးအစုံပါတိုက်ခန်းတွင် ပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်**

**ပြုလုပ်ခြင်းအားကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း**

အထက်ပါတိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဦးသန့်ဇင်ဦး [၁၂/ကမရ(နိုင်) ၀၁၀၆၇၈]အမှတ်-၁၅၊ မဏိမေခလာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့အကြောင်းကြား ကန့်ကွက်နိုင်ကြောင်း နှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ် ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှနိုင်**

**၃၁၈၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။**

**Ph:09-758305048**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၂ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-074(24-25)CAP (Retender) | Assorted Sizes of Steel Wire Rope & Lifting Slings (3) Groups | Ks |
| (၂) | DMP/L-181(24-25) | Water Cooled WCB224 Auxiliary Brake Complete Set (1) Set | Ks |
| (၃) | DMP/L-182(24-25) | Barytes (Foreign) (1,500) Tons | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၂၀-၆-၂၀၂၄** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၄-၇-၂၀၂၄ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ လူနေရပ်ကွက်အမှတ်(စက်မှုလက်မှု)၊ မြေကွက်အမှတ်(၁၁၄/ခ)၊ ရတနာလမ်း၊ အကျယ်အဝန်း(၀.၀၇၃)ဧကအကျယ်ရှိ ဦးမြတ်လွင်(ခ)ဦးအိုက်ကောက် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂ထပ်)အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီးနှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ စက်မှုဇုန်၊ အမှတ်(၁၁၄/က)၏နောက်ဘက်ခြမ်း (၃၀ပေ× ၄၀ပေ)အကျယ်ရှိ မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် အမှန်တကယ်ဝယ်ယူပိုင်ဆိုင်ပြီး ယင်းမြေကွက်(၂)ကွက်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြတ်လွင်(ခ) ဦးအိုက်ကောက် (၁၂/ဗဟန(နိုင်)၀၈၀၂၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရံငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| တရားလွှတ်တော်ရှေ့နေ<br>ဒေါ်မေမြတ်ရှိန်<br>LL.B,D.B.L<br>(စဉ်-၁၁၃၁၁) | အထက်တန်းရှေ့နေ<br>ဒေါ်ဝတ်ရည်ငွေ<br>LL.B,LL.M<br>(စဉ်-၃၆၉၁၇) |

ရုံးချုပ် ။ အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ 01 - 2304311, 09-5173690, 09-450450904, 09-420203960
ရုံးခွဲ ။ အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ 09-450450908, 09-5060940, 09-450450977, 09-450450907

ရွှေပြည်သာမြို့နယ်
မြေကွက်များ
အထူးဝယ်လိုသည်။
09-5139064

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ မိုးစန္ဒာ (၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၆၊ မြေကွက်အမှတ်- ၆၃၅/က၊ ဦးငွေသိန်း[၁၂/တမန(နိုင်)၀၇၀၉၆၅]အမည်ပေါက် စလစ်(မိတ္တူခြမ်း)၊ အကျယ်အဝန်း (၁၀x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကိုကိုလတ် [၁၂/သဃက(နိုင်)၀၁၇၂၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်၊ မြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဥပဒေနှင့်အညီ အခြားနည်းလမ်းဖြင့်ဖြစ်စေ တိုက်ရိုက်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းဆွေထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၅၆၂)**
**အမှတ်- ၁၅၈၊ ညာတိလမ်း၊ (ဃ) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉- ၄၂၀၁၇၃၁၇၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အနောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၅/က)၊ အကွက်အမှတ် (၁၉)၊ ဇရစ်စမ်းမြောက်ကွက်၊ ဦးပိုင်အမှတ်(၃၇/ခ)၊ မြေကွက်အမှတ်(၄၈/ခ)၊ ဧရိယာ(၀. ၀၄၅)ဧကရှိ ဦးစောလှိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သစ်သစ်ဝင်း(ဘ)ဦးမောင်ရှိန်[၁၂/သလန(နိုင်)၀၂၀၀၂၃]၊ ဒေါ်ရွှေစင်ထွန်း(ဘ)ဦးအောင်မှတ်[၁၂/သလန(နိုင်)၀၉၆၅၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဥမ္မာထွန်း [၁၂/သလန(နိုင်)၀၂၀၇၁၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးပေါ်တွင်တည်ရှိသည့် အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၄)၊ မြေကွက်အမှတ်(၂၉၅)၊ ဦးကျော်ဝင်း အမည်ပေါက် ပေ(၄၀x၆၀)ရှိ မြေကွက်ကြီးအတွင်းမှ မြေရင်းဘက်အခြမ်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို** တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဝင်း(ဘ)ဦးစိန်ဝင်း[၁၂/သလန(နိုင်)၀၉၁၉၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မြင့် [၁၂/ဥကတ(နိုင်)၁၁၀၄၈၁]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## (၁၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ကျေးဇူးရှင်ချစ်သောမေမေ ဒေါ်မြင့်မြင့်**

**(၂၁-၆-၂၀၀၈ မှ ၂၁-၆-၂၀၂၄)**

မိသားစုအားလုံးချစ်ခင်လေးစားတန်ဖိုးထားရပါသော မေမေ... ခွဲခွာသွားခဲ့သည်မှာ ယနေ့ (၁၆)နှစ် ပြည့်ခဲ့ပါပြီ၊ အမြဲမပြတ် လှူဒါန်းသမျှ ကုသိုလ်ကောင်းမှုများကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ပါ မေမေ။

**သားကြီး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးကန်တော့ခံစာပေပညာရှင်(အလှူရှင်) ဦးတင်မောင်ထွေး(တက္ကသိုလ်တင်မောင်ထွေး-နတ်ရေကန်)၊ အသက်(၉၃)နှစ်သည် ၁၂-၆-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၄၁-လမ်း၊ အမှတ် ( ၃၂ )၊ စတုတ္ထထပ် (၄-လွှာ)ဟုခေါ်တွင်သည့် တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်မြအေးကြည် [၁၁/မပတ(နိုင်)၀၀၁၁၁၆]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**
**B.Sc, Hon(IC), HGP, R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 , HP: 09-5017044**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ အမှတ် (286 B)၊ အဖျောက်ကျေးရွာ၊ ဒညင်းတောအရှေ့၊ ဗိုလ်ချုပ်လမ်း၊ ခ/၁၁၅/၁၊ ဦးပိုင်အမှတ်နေ ဦးချိုချိုနောင်၊ အမျိုးသားမှတ်ပုံတင်အမှတ် [၁၂/ကမန(နိုင်)၀၁၀၂၅၃] ကိုင်ဆောင်သူပိုင်ဖြစ်သော မြေကွက် ဧရိယာ 38'.3'' x 57' x 438' အတွင်း မြေကွက်အပေါ် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်တော် ဦးခင်ရွှေ [၁၃/လလန(နိုင်) ၀၄၁၅၇၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ဝိုင်းခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဝယ်ယူမည့်သူထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ရွှေ**
**[၁၃/လလန(နိုင်)၀၄၁၅၇၂]**
**ဖုန်း- 09-953318188**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၂၅)၊ မြေကွက်အမှတ်- (၄၆၅/ခ)၊ အကျယ်အဝန်း (၂၀'x၆၀')ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးတင်ဝင်း (TTE-၁၄၃၆၇၇) အမည်ဖြင့် တည်ရှိလျက်ရှိပြီး ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသူ ဦးအောင်ချမ်းသာ [၁၂/ဒဂရ(နိုင်)၀၀၀၀၆၁]က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းအောင် (LL.B)**
**အထက်တန်းရှေ့နေ (၅၀၆၃၀)**
**အမှတ်(၁၀၃၈)၊ ရန်ကြီးအောင်လမ်း၊ ၆ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၆၉၄၄၀၅၅၃၅**

**ဘုရား၊ ကျောင်း၊ ကန်၊ တန်ဆောင်း ဒါယကာကြီး**

## ဦးချင်ကို (ခ) ဦးရဲညွန့်

**သူရဲသမိန်၊ မဒေါက်**

**အသက် (၈၃)နှစ်**

ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့နေ (ဦးအွမ်းယား-ဒေါ်ကျင်မွေး)တို့၏သား၊ တောင်ငူမြို့နေ ဦးသိန်းမောင်-(ဒေါ်ချင်ဝေး)၊ ရန်ကုန်မြို့နေ ဦးကျော်နိုင်-(ဒေါ်သွင်သွင်အေး)၊ ဦးခင်စိုး-(ဒေါ်သင်းခိုင်)၊ မဒေါက်မြို့နေ (ဦးချင်စန်း)၊ ဒေါ်ခင်ခင်နိုင်(ခ) ဒေါ်ရွှေမိ၊ (ဦးချင်လင်း)၊ ဦးအေးလွင်(ခ)ဦးပုကြီး-ဒေါ်ချိုချိုနိုင်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဒေါ်အန်းခွေ(ခ)အာရီး၏ ချစ်လှစွာသော ခင်ပွန်း၊ မန္တလေးမြို့နေ (ဦးငွေးသိန်း-ဒေါ်နီနီအောင်)၊ ရန်ကုန်မြို့နေ ဦးငွေးသန်း-ဒေါ်သီတာ၊ ဒေါ်စန်း၊ ဦးစိုးစိုး-ဒေါ်ချို၊ ဦးရဲနိုင်၊ ဒေါ်သင်းသင်းနိုင်၊ ဦးမင်းသိမ်း-ဒေါ်မြင့်မြင့်နိုင်၊ ဒေါ်လွင်လွင်နိုင်၊ ဦးရဲနိုင်ထွန်း-ဒေါ်စန်းစန်းနိုင်တို့၏ မွေးသဖခင်၊ မြေး ၁၄ ယောက်၊ မြစ် လေးယောက်တို့၏ အဘိုးသည် ၂၀-၆-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၂၄ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အလုံမြို့နယ် နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ မုခ်ဦး ဒါယကာကြီး**

## ဗိုလ်မှူးမင်းအောင်

**တိုင်းမြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**

**အသက် (၇၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း(အလယ်)၊ အိမ်အမှတ် (၈၀)၊ အခန်းအမှတ် (၃၀၅+၃၀၆)နေ ဒေါ်စီစီ၏ ခင်ပွန်း၊ ကိုရဲမြင့်ထွန်း-မခိုင်သဇင်ဦး၊ ကိုဝင်းကျော်သူ-မစုစုလှိုင်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မောင်သူထက်၊ မဆုမြတ်သဇင်တို့၏ အဘိုးသည် ၁၉-၆-၂၀၂၄ ရက် ၅:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၀-၆-၂၀၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ကျန်ရစ်သူမိသားစုက ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၂၄ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မိသားစုနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းရပါကြောင်း

ဒေါ်မြမြဦး (စဉ်-၈၉၀၂/၂၀၁၃) တရားလွှတ်တော်ရှေ့နေ အသက်(၅၈)နှစ်၊ ဗဟန်းမြို့နယ်နေထိုင်သူသည် ၂၀-၆-၂၀၂၄ ရက်နေ့ နံနက် ၄:၂၀ နာရီတွင် သျှင်ပါဂူဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကွယ်လွန်သူ၏ မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

**သူငယ်ချင်းမိတ်ဆွေများဖြစ်ကြသော**
**ဒေါ်တင်တင်ထွေး၊ ဒေါ်လှလှအေး၊ ဒေါ်ငွေးငွေးမြင့်၊ ဦးဇော်မြင့်ဦး**
**(တရားလွှတ်တော်ရှေ့နေများ)၊**
**ဒေါ်အေးအေးသန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၀/တိုးချဲ့)ရပ်ကွက်၊ အနော်ရထာအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံအမှတ်-(၅)၊ ၂ ခန်းတွဲ ၅ ထပ်တိုက်၊ စတုတ္ထထပ်၊ အခန်းအမှတ်- ၃၀၂၊ စတုရန်းပေ-(၁၂၂၁)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမျိုးမောင်မောင် [၁၂/ကမရ(နိုင်)၀၅၇၂၃၀] အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇေယျာညီ [၁၂/ဒဂန(နိုင်) ၀၂၆၁၃၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ် မိတ်ဆွေ ဦးဇေယျာညီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းထက်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၈၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/F)၊ ပထမထပ်၊ (၃၅)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆ ဒီ/၂)၊ မြေကွက်အမှတ်(V-၆၀)၊ "အမှတ်(၈၃)၊ တန်ဆောင်းကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်" ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်အဆောက်အဦ၏ Ground Floor Level II (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဥပဒေအရ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်မေဇွန် [၁၂/ကမတ(နိုင်)၀၆၈၀၁၁]မှ ဝန်ခံသဖြင့် ဒေါ်မေဇွန်ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာ LL.B., D.B.L, D.I.L, WIPO**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၆၀/ ၂၀၁၇)**
**အမှတ်-၈၃၇၊ မင်းရဲကောင်းပုံလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်းနံပါတ်- ၀၉-၇၉၉၆၈၁၂၁၇**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြည်လွင်

**မော်လမြိုင်မြို့**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရွှေဟင်္သာကွန်ဒို၊ အခန်းအမှတ်(၆၀)၊ တိုက်(A)နေ (ဦးမောင်ခွန်-ဒေါ်သန်းရှိန်)တို့၏ သမီး၊ (ဦးစိုးလင်း-ဒေါ်ဂင်စ္စိ)တို့၏ ညီမ၊ ဒေါ်ခင်စိုးဝင်း၊ ဦးမျိုးဝင်း၊ ဒေါ်မြင့်မြင့်သွယ် (ကထိက-ငြိမ်း)၊ ဦးမျိုးလွင်-ဒေါ်သဇင်ဝင်းမြင့်၊ ဒေါက်တာသန်းသန်းသွယ် (ညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဒေါက်တာနွယ်နွယ် (ပါမောက္ခ၊ ဌာနမှူး၊ နှလုံးရောဂါဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးတက္ကသိုလ်-၁)တို့၏ ချစ်လှစွာသောအဒေါ်၊ မောင်ဇေယျာဘုန်းလွင်၏ ချစ်လှစွာသောဘွားလေးသည် ၂၀-၆-၂၀၂၄ ရက် ညနေ ၃:၂၅ နာရီတွင် ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ (၆၁၅/A) နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၂၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန် အအေးခန်းမမှ ဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟတို့အားသိစေရန် အကြောင်းကြားအပ်ပါသည်။ [ကွန်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ (၆၁၅/A) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းထွန်း

**အုပ်ချုပ်ရေးမှူး**

**မင်္ဂလာတောင်ညွန့်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး**

**အသက်(၅၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ မအူကုန်း စည်ပင်အိမ်ရာဝင်း၊ တိုက်(A-1)၊ ပ-ထပ်၊ အခန်း(၂၀၃)နေ (ဦးလှကြိုင်)-ဒေါ်ခင်စန်းတို့၏ သားကြီး၊ ဒေါ်သီတာဦး(ဌာနစုမှူး၊ ကော်မတီရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ ခင်ပွန်း၊ (ဒေါ်မြင့်မြင့်စန်း)၊ ဦးခင်မောင်ထွန်း၊ ဦးခင်မောင်လတ်-ဒေါ်ဝါဝါလှိုင်တို့၏ အစ်ကို၊ မောင်ဉာဏ်လင်းမောင်၊ မောင်ဖြိုးကိုကိုထက်တို့၏ ဦးလေးသည် ၂၀-၆-၂၀၂၄ ရက် မွန်းလွဲ ၁:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကျန်ရစ်သောရုပ်ကလာပ်ကို ၂၂-၆-၂၀၂၄ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

**ဦးသန်းထွန်း(ဗိသုကာအင်ဂျင်နီယာ)**

**အသက်(၈၇)နှစ်**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆေးရုံကြီးအကျိုးအတွက် စေတနာအပြည့်အဝထား၍ ကုသိုလ်စိတ်ဖြင့် အုပ်ချုပ်ရေးအဖွဲ့ဝင်၊ ဒုတိယဥက္ကဋ္ဌတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သော ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးသန်းထွန်း(ဗိသုကာအင်ဂျင်နီယာ) အသက်(၈၇) နှစ်သည် ၁၂-၆- ၂၀၂၄ (ဗုဒ္ဓဟူးနေ့) ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်ရေးအဖွဲ့**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ဦး (B.Sc, R.L)**

**အသက် (၇၆)နှစ်**

ဒေါက်တာထင်လင်း (ဒုတိယညွှန်ကြားရေးမှူး၊ ဆေးသုတေသနဦးစီးဌာန)၏ဖခင် ဦးမြင့်ဦးသည် ၁၄-၆-၂၀၂၄ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ဆေးသုတေသနဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးမင်းကိုကို [၁၂/ကမရ(နိုင်)၀၅၅၅၆၁] ကိုင်ဆောင်သူ အမည်ပေါက်မှတ်သားတည်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၅၊ ရွှေဝါထွန်းလမ်း၊ မြေကွက်အမှတ်-၅၃၅၊ ၄၀ ပေx ၆၀ ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ် (ရေ+မီးတာ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဦးမင်းကိုကို [၁၂/ကမရ(နိုင်) ၀၅၅၅၆၁] ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဖွဲ့ကောင်းစံ [၁၂/ဥကမ(နိုင်)၂၀၃၈၉၂] ကိုင်ဆောင်သူနှင့် ဒေါ်နှင်းမိုးစံ [၇/သကန(နိုင်)၁၀၄၉၂၄] တို့က လက်ရောက်အပြီးအပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဖွဲ့ကောင်းစံ နှင့် ဒေါ်နှင်းမိုးစံ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်-၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉- ၂၅၄၃၄၅၇၄၆၊ ၀၉- ၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ကြံခင်းကျောင်းလမ်း၊ အမှတ်(၈)၊ တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(28 D)၊ မြေကွက်အမှတ်(5)၊ နှစ်(၆၀)မြေငှားဂရန်၊ မြေအမည်ပေါက် ဒေါ်စန်းစန်းတင့်၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးတင်ထွန်းအောင် မြေကွက်အား မြေအမည်ပေါက်သူ (၃)ဦးအနက် (မိခင်) ဒေါ်စန်းစန်းတင့်သည် (၁၅-၁၀-၂၀၂၂)ရက်နေ့နှင့် (ဖခင်) ဦးဉာဏ်သိန်းသည် (၂၉-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြကြောင်း၊ ၎င်းတို့တွင်သားအရင်းဖြစ်သူ ဦးလင်းထွဋ်သိန်း တစ်ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီး မွေးစားထားခဲ့ခြင်း မရှိကြောင်းနှင့် အခြားသားသမီး မွေးချင်းမရှိကြောင်း၊ ကွယ်လွန်သူ မိခင် ဒေါ်စန်းစန်းတင့်၏ ပိုင်ဆိုင်ခွင့်အစုအား ကျန်ရစ်သူတစ်ဦးတည်းသော သားအရင်းဖြစ်သူ ဦးလင်းထွဋ်သိန်း တစ်ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ဦးလင်းထွဋ်သိန်း [၆/ထဝန(နိုင်)၀၀၁၇၉၆]က ကျောက်တံတားခရိုင်တရားရုံးတွင် ကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၄၃၃/၂၀၂၄ (၅-၆-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်တို့ကို တင်ပြ၍ မြေအမည်ပေါက် ဒေါ်မြင့်မြင့်ကြည်၊ ဦးတင်ထွန်းအောင်တို့နှင့်အတူ ဦးလင်းထွဋ်သိန်းက ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာ ယူ-၁၆ အသင်း အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အင်ဒိုနီးရှားနိုင်ငံ၌ စတင်လေ့ကျင့်

ရန်ကုန် ဇွန် ၂၀

မြန်မာ ယူ-၁၆ အမျိုးသားလူငယ်လက်ရွေးစင်အသင်းသည် ၂၀၂၄ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ဇွန် ၁၉ ရက် ညနေပိုင်းက စတင်ထွက်ခွာခဲ့ပြီး ဇွန် ၂၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ စတင်လေ့ကျင့်လျက်ရှိသည်။

**သုံးအုပ်စုခွဲ၍ကျင်းပမည်**

အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အိမ်ရှင် အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု (ဂ) တွင် ထိုင်း၊ မလေးရှား၊ တီမောနှင့် ဩစတြေးလျအသင်းတို့ ပါဝင်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍

## ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်ဇယားထုတ်ပြန်



ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဇွန် ၁၉ ရက်က MNL League Cup ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဇွန် ၂၀

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်ဇယားကို ဇွန် ၂၀ ရက်က ထုတ်ပြန်လိုက်ပြီဖြစ်သည်။

**ကျင်းပသည့်ကာလပြောင်းလဲ**

လာမည့်ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ဘောလုံးပြက္ခဒိန်နှင့် ကိုက်ညီစေရန် MNL အမှတ်ပေးပြိုင်ပွဲ ကျင်းပသည့်ကာလကို ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ပြက္ခဒိန်နှစ် နှစ်ခုတွင် ကျင်းပမည်ဖြစ်သည်။

လာမည့်ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ရန်ကုန်၊ တောင်ကြီးနှင့် ပုသိမ်မြို့တို့တွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့် ဧရာဝတီယူနိုက်တက်အသင်းတို့က အိမ်ကွင်းပွဲများ

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✻

## မြန်မာ ယူ-၁၉ အသင်းနှင့် ရတနာပုံအသင်း ခြေစမ်းကစား



မြန်မာ ယူ-၁၉ အသင်းနှင့် ရတနာပုံအသင်းတို့ ခြေစမ်းကစားကြစဉ်။

ရန်ကုန် ဇွန် ၂၀

ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၂၀ ရက် ညနေပိုင်းက သုဝဏ္ဏကွင်း၌ မြန်မာနေရှင်နယ်လိဂ် ကလပ် ရတနာပုံအသင်းနှင့် ခြေစမ်းကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ဇူလိုင်တတိယပတ်တွင် စတင်ကျင်းပမည့် ၂၀၂၄ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့် ပြင်ဆင်နေခြင်းဖြစ်ပြီး တရုတ်ခြေစမ်းခရီးစဉ်အပြီးတွင် ပြည်တွင်း ကလပ်အသင်းများနှင့် ခြေစမ်းကစားကာ

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

### ယနေ့ ဖတ်စရာ

**ကုန်သွယ်ရေးတင်းမာလာမှုကြောင့် ဥရောပမှ တင်သွင်းလာသည့်ဝက်သားများအား စျေးလျှော့ ရောင်းချခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံက စတင်စစ်ဆေး**

စာမျက်နှာ » ၁၂

**ဆီဆိုင်မြို့နယ်တွင် တပ်မတော်နှင့် PNO အဖွဲ့က စစ်အသုံးစရိတ်ဟုဆိုကာ တစ်အိမ်လျှင် ငွေကျပ် ငါးသိန်းမှ ရှစ်သိန်းအထိ လိုက်လံကောက်ခံနေဟု သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၄